
www.burmeseclassic.com

အောင်မြင်စာပေ




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊ (စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။



၈၉၅.၈၃
ဒေဝတာ
ဝိညာဉ်တံခါး/ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၄၅ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဒေဝတာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

လပြည့်ညဖြစ်၍. . ထိန်ထိန်သာနေ၏။ လရောင် က်ဖျန်းနေ၍ ချောင်းရိုးတစ်ခုလုံး ထင်ထင်ရှားရှား မြင်နေရသည်။ တောကောင်ငယ်လေးတွေနှင့် ညဥ့်ငှက်တစ်ချို့၏ အော်သံမှအပ တောသည် တိတ်ဆိတ်နေသည်။ သစ်ပင်များ. . ကျောက်တုံးများ နောက်ကွယ်မှ ပုန်းအောင်းနေသော လူတစ်စု. . ချောင်းရေပြင်ဆီသို့ မျက်တောင်မခတ် ကြည့်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး အသက်ပင် ရဲရဲမရှူရဲ၊ ချောင်းဟန့်သံပ
မပေးရဲကြ။

ဦးဒေဝက တပည့်ကျော်ဖြစ်သူ စိုင်းလုံအား မေးငေါ့
ရင်း. . .

"စိုင်းလုံ မင်းလူတွေ သေချာမှာထားပြီးလား"

"စိတ်ချပါ"

"အေး. . ဘာအမှားအယွင်းမဖြစ်ဖို့ အရေးကြီးတယ်၊ တ
ချက်မှားတာနဲ့ အားလုံးဒုက္ခရောက်သွားနိုင်တယ်"

ထိုစဉ်. . .

"ဗွမ်း!. . "

"ဝုန်း!!. . "

ချောင်းရေပြင်မှ အသံကြီးကြားလိုက်ရသည်။ ဝါးနှစ်ရိုး
အကွာမို့ အခြေအနေကို သဲသဲကွဲကွဲမမြင်ရသေး. . ၊ သေချာတာ
သူတို့မျှော်လင့်စောင့်စားနေသောအရာ ရောက်လာခြင်းပင်. .

"ဗွမ်း!. . . "

ဒုတိယအကြိမ် ပေါ်ထွက်လာသော ရေပွက်သံကြီးကြော
ရေမှုံရေမွှားများအကြား ပေါ်ထွက်လာသောအရာကို သူတို့အားလုံး
အထင်အရှား တွေ့လိုက်ကြရသည်။

ထိုအရာကား. . 'ဧရာမမြွေကြီး' ပင်တည်း။

ကိုယ်ခန္ဓာလုံးပတ်ကပင် ထန်းပင်လုံးခန့်ရှိ၏။ အကြေး
က အထပ်ထပ်၊ ရဲရဲနီမျက်လုံးအစုံနှင့် အရှည်က ပေနှစ်ဆယ်ကျော်
ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . ဘုရား . . အကြီးကြီးပါလား"

"ရှူး . . တိုးတိုး . . "

ဦးဒေဝက တိတ်တိတ်နေရန် အချက်ပြလိုက်သည်။ ချောင်းရေထဲမှ ဧရာမမြွေကြီးသည် တစ်စုံတစ်ရာ အသံမပြုဘဲ တက်လာနေချေပြီ။

"ပထမစည်းထဲရောက်တာနဲ့ လှုပ်ရှားတော့၊ အားလုံးအသင့်ပြင်ထား၊ လူတွေဖြည်းဖြည်းချင်းဖြန့်"

ဦးဒေဝက သူ့လူများကို လေသံခပ်အုပ်အုပ်ဖြင့် မှာ၏။

သူကိုယ်တိုင်ကလည်း ဗူးသေးသေးတစ်ခုအတွင်းမှ အဝါရောင်ဆေးမှုန့်တစ်ချို့ကို လက်ဝါးနှစ်ဖက်တွင် လိမ့်ကျံနေသည်။

လိမ်းလိုက်သည်နှင့် ခပ်သော့သော့လေထဲတွင် ကန့်အနံ့များ ရောယှက်ပါနေသည်ကို စိုင်းလုံ သတိထားမိသည်။

မြွေကြီးက သူတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်လာလေပြီ။

"ပထမစည်းရောက်ပြီ . . "

ဦးဒေဝ၏ အမိန့်ပေးသံက ဟိန်းထွက်လာတော့သည်။

မြွေကြီးအား ဝိုင်းပတ်ထားသောလူများက ကြိုတင်စီစဉ်ထားသည့်အတိုင်း မှိုင်းတိုင်မှ အင်းချပ်များကို မီးရှို့လိုက်ကြလေသည်။ မြွေကြီးပတ်ပတ်လည်၌ မီးညွန့်များ ထောင်တက်လာသည်။

ရုတ်တရက်ဆိုသလို မြွေကြီးငြိမ်သက်နေရာက တွန့်လိမ့်လှုပ်ရှားသွား၏။

"ဝုန်း!. . "



www.burmeseclassic.com

www.burmeseclassic.com



"ရှီး!. . ဝရော!. . "

သို့သော်. . မမြင်ရသော လက်အစုံက မြွေကြီး၏ဦးခေါင်းကို ဖိညှစ်ထားသလို. . သူ့ဦးခေါင်းက မထောင်နိုင်တော့၊ ထောင်လိုက်သည်နှင့် ပြန်ပြုတ်ကျသွား၏။

"ဒီကောင်ကြီး မှိုင်းစက်မိနေပြီ"

ဦးဒေဝက အော်ဟစ်လိုက်ရင်း ရှေ့ဆုံးမှထွက်၏။ စိုင်းလုံကလည်း သူကိုင်နေကျ လှံတိုကိုစွဲကိုင်လျှက် တစ်လှမ်းချင်းတက်သည်။

ဝုန်းဒိုင်းကြဲ ခါယမ်းနေသော မြွေကြီးမှာ တဖြည်းဖြည်းအားကုန်သွားသည်ထင်၏။ ခုနကလို မသောင်းကျန်းတော့. . .

ခေါင်းပိုင်းက မြေပေါ်ကျနေပြီး အမြီးပိုင်းသာ ဆတ်ခနဲ. . ဆတ်ခနဲ လှုပ်ရှားလို့နေသည်။

ဓါးနှင့်မခုတ်၊ လှံနှင့်မထိုး၊ လေးနှင့်မပစ်ရဘဲ. . မှိုင်းကိုင်စက္ကူတွင်ဆွဲထားသော အင်းစမများ၏ တန်းခိုးသက်သက်ဖြင့်သတ္တဝါတစ်ကောင်ကို ထိန်းချုပ်နိုင်ခဲ့ပြီ။ တကယ်တော့ ဤမျှကြီးသောမြွေကြီးကို လူအင်အားဖြင့် တိုက်ခိုက်ပါက ထင်သလောက်မလွယ်ကူနိုင်. . .။

နောက်ဆုံးတွင် မြွေကြီးမှာ လှုပ်ရှားမှုတစ်စုံတစ်ရာမရှိတော့ဘဲ လုံးဝငြိမ်သက်သွား၏။ သို့တိုင်အောင် ဦးဒေဝသည် သူ့အဝါရောင်ဆေးမှုန့်များကို လက်ဝါးတွင်ထည့်ကာ မြွေကြီး၏နှာခေါင်းအနီး ကပ်၍ ဖူးခနဲ မှုတ်သွင်းလိုက်ပြန်သည်။

စိတ်ချသွားဟန်ရှိသော ဦးဒေဝမှာ သူ့ခါးကြားမှ ဓါးမြှောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် မြွေ၏ဦးခေါင်းကို ဘယ်လက်ဖြင့်ကိုင်၍ မားကိုင်ထားသော ညာလက်ဖြင့် မြွေခေါင်းပေါ်သို့ အားကုန် ထိုးစိုက်ပြီးခွဲချလိုက်တော့၏။

"စွပ်!. ."

"ဗြို!. . ဗြို!. ."

တဆက်တည်းမှာ ပါးစပ်ကလည်း မန္တာန်တစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်ဆိုနေသေးသည်။

သွေးဟုပြောရမည့် ညိုပုပ်ပုပ်၊ ပျစ်ချွဲချွဲ အရည်များက မြွေဦးခေါင်းမှ လျှံထွက်လာသည်။ အော်ဂလီဆန်ဖွယ် ညီစို့စို့အနံ့အသက်ကိုလည်း ထောင်းခနဲရလိုက်၏။

သို့သော် မြွေကြီးကား လှုပ်ရှားမှုအလျဉ်းမရှိတော့. .

ဦးဒေဝသည် ကွဲဟသွားသော မြွေဦးခေါင်း အသားစိုင်ထဲသို့ ကျွမ်းကျင်စွာဖြင့် လက်နှိုက်၍ဆွဲထုတ်လိုက်ရာ သူ့လက်ဝါးထဲ၌ ပုလဲနှင့်အလားသဏ္ဌာန်တူသော အလုံးတစ်လုံး ပါလာသည်ကို အံ့ဩဖွယ် တွေ့ကြရသည်။

"ဆရာ. . အဲဒါ. . အဲဒါ ဘာလဲဟင်"

မအောင့်နိုင်တော့ဘဲ စိုင်းလုံက သိလိုဇောဖြင့် မေးလိုက်သည်။

ဦးဒေဝက မျက်လုံးကွျတ်မတတ် ထိုအလုံးကို စူးစိုက်ကြည့်နေပြီးမှ. .

"အဲဒါ. . နဂါးအမြုတေ. . ကွ"

"ဗျာ!. ."



www.burmeseclassic.com

www.burmeseclassic.com



အုံ့ဩြစရာထိုအလုံးတွင် ဘော်ငွေရောင်အလင်းများ
တစ်ထွာပတ်လည်ခန့်အထိ ဖြာထွက်နေသည်။

ဦးဒေဝအဖြေကြောင့် စိုင်းလုံသာမက အားလုံး ပါးစပ်
ဟောင်းသား ဖြစ်သွားရသည်။

စိုင်းလုံစိတ်ထဲမှာ သိပ်မကျေနပ်. . ။ အမြုတေဖြစ်ခဲ့လျှ
တောင်မှ မြွေအမြုတေ ဖြစ်ရမှာပေါ့၊ ဘယ်လိုကြောင့် နဂါးအမြုတေ
ဖြစ်ရသလဲဆိုတာ စဉ်းစားမရအောင် ဖြစ်မိသည်။

ထိုအခိုက်မှာပင် မြေပြင်သည် သိမ့်ခနဲ တစ်ချက်လှုပ်သွ
၏။

ထို့ပြင်. . တော်လည်းသံနှင့်တူသော ကြောက်မက်ဖွယ်
မြည်ဟည်းသံကြီးတစ်ခု ထွက်လာသည်။

"ဟာ. . ဘာဖြစ်တာလဲ"

"မြေငလျင်လှုပ်တာလား မသိဘူး"

အသံကြီးမှာ တောင်များပြိုကျသကဲ့သို့ ကြောက်မက်ဖွယ်
ကောင်းလှကာ လေးဖက်လေးတန်မှ မြည်ဟည်းရိုက်ခတ်လာခြင်း
ဖြစ်သည်။

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့်. .
ဦးဒေဝ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားရသည်။

ထိုစဉ် လေချွန်သံလို ကျယ်လောင်စူးရှသော အသံနှင့်
တူ ဦးဒေဝလက်ထဲမှ နဂါးအမြုတေဟုခေါ်သော အလုံးသည် ဝေါ
ခနဲ ကောင်းကင်သို့ ပျံတက်သွားလေတော့သည်။

မျက်စိတမှိတ်အတွင်း လျှင်မြန်လွန်းသော အရှိန်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဖြူဖွေးတောက်ပသော အလင်းတန်းတစ်ခုအဖြစ် ပြောင်းသွားကာ မျက်စိရှေ့မှာပင် ကွယ်ပျောက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ဦးဒေဝသည် ဆေးတံတစ်ချောင်းနှင့် စည်းစိမ်ခံနေ၏။ င်းလုံက ဆီနှပ်ထားသော လက်ဖက်အသားနှင့် နှမ်းဖြူးပဲခြမ်းကြော် တို့ကို ယွန်းအစ်တွင်ထည့်ကာ သူ့ဆရာဘေးရှိ ခုံပုလေးပေါ် တင် ပေးလိုက်၏။ ဦးဒေဝ ဘာပြောလာမလဲဆိုတာ တပည့်အားလုံး သိ ချင်နေကြသည်။ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဦးဒေဝက…

"တကယ်တော့ ညက တို့တတွေ ရင်ဆိုင်ခဲ့ရတာ . . မြေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး. . နဂါးကွ"

"ဗျာ!. ."

"ဟင်. ."

'နဂါး'. . ဆို၍ အားလုံးအံ့အားသင့်သွားကြရသည်။

"မင်းတို့ ဒွိဟဖြစ်နေမယ်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် သံသယမဝင်ကြနဲ့. . ငါပြောတာယုံ၊ ညက ငါတို့သတ်ခဲ့တာ မြွေမဟုတ်ဘူး. . နဂါး၊ မင်းတို့မေးလိမ့်မယ်. . နဂါးဆိုတာ တကယ်ရှိသလား၊ ဒီခေတ်ဒီအခါမှာ နဂါးရှိသေးလို့လား ဆိုတာမျိုးပေါ့. .၊

ရာဇဝင်သမိုင်းနောက်ခံမှာရော၊ ဘုရားဟောဇာတ်မှာရော၊ ဗုဒ္ဓဝင်ဖြစ်စဉ်တွေမှာ နဂါးဆိုတာ အထင်အရှားပါတာ မင်းတို့အားလုံး အသိပဲ၊ မင်းတို့အနေနဲ့ နဂါးရှိခဲ့တာကို လက်ခံပြီးသား၊ အခု လက်မခံနိုင်ဖြစ်ရတာက နဂါးက အခုအချိန်ထိ ရှိသေးလားဆိုတာပဲမဟုတ်လား"

ဦးဒေဝစကားကြောင့် စိုင်းလုံမှာ ခေါင်းမော့၍. .

"ဟုတ်. . . ဟုတ်ပါတယ် ဆရာကြီး"

"နဂါးက အခုထိရှိသေးတယ်၊ ဘယ်မှာနေကြသလဲဆိုရင် ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်. . စတဲ့ အစိုဓါတ်ရှိတဲ့ မြေဆီလွှာအတွင်းပိုင်းမှာပေါ့၊ တောင်သမုဒ္ဒရာက. . ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးရဲ့ ကြေးပြာသဒ်ကို ထမ်းရွက်စောင့်ရှောက်ထားတာ ဘယ်သူတွေထင်သလဲ၊

မှတ်ထား. . နဂါးလေးကောင်ကို တာဝန်ယူပေးထားတာ၊ အလှည့်ကျ တာဝန်ထမ်းရွက်ကြတယ်၊ နဂါးဟာ ဗိုလ်ရှည်ဓာန်အနွယ်



www.burmeseclassic.com

www.burmeseclassic.com



...ပေမယ့် ကမ္ဘဇဒ္ဒိတန်ခိုးရှိတယ်၊ အောက်စတုမဟာရာဇ်နတ် ...န်ခိုးတွေ ပိုင်ဆိုင်ထားတယ်၊ ဒီတော့ . တန်ခိုးထက်တယ်၊ ဖန် ...င်းနိုင်တယ်၊ လုပ်ယူနိုင်တယ်၊ လူသာမန်တွေ ဘယ်မြင်ရမတုန်း၊ ...တွေကို မမြင်ရသလိုပဲပေါ့၊ ပြချင်ရင် နဂါးဟာ မြွေအဖြစ်နဲ့ပဲ ...နိုင်ရှိတယ်ကွဲ့"

"ဒါ . ဒါနဲ့ဆရာ ဒီနဂါးက မြွေအဖြစ် ဘာကြောင့်ရောက် ...တာလဲ"

စိုင်းလုံက သိလိုသည်များကို မဝံ့မရဲ မေးလိုက်မိသည်။

"ဘာလို့ ရောက်လာသလဲဆိုတော့ . ငါခေါ်လိုက်လို့ပဲ၊ ...ခေါ်အင်းရဲ့ အစွမ်းကြောင့်ဆိုလည်း မမှားဘူးပေါ့"

ဦးဒေဝသည် ထူးပေ့ဆန်းပေ့ဆိုသော ကိစ္စများကို အမြဲတ... လုပ်ပြတတ်ပေသည်။

"ဆရာကြီးက နဂါးကိုခေါ်ပြီး ဘာလုပ်မလို့လဲဗျ"

"ငါ့တပည့်တွေကို ပထမဆုံး အမြုတေရတနာ(၈)မျိုးအ ...ကြောင်းကို ပြောပြမယ်၊ ဒါမှ ဆက်စပ်မိသွားမယ်၊ ဝတရတ္တသင်္ဂဟ ...မ်းမှာ ပြဆိုထားတဲ့ အမြုတေရတနာ(၈)မျိုးဆိုတာ ဒီလိုကွဲ့ . "

ဆရာကြီးဦးဒေဝရှင်းပြသော အမြုတေရတနာ(၈)မျိုးကို ...သူများ ဗဟုသုတ တိုးပွားနိုင်ရန်ရည်ရွယ်၍ အောက်တွင် ဖော် ...ိုက်ရပါသည်။

| | | |
|---|---|---|
| (၁) တတ္တိကဒ္ဒမ္ဘ | ။ ။ | ရွှေအဆင်းရှိသည့် ဆင်ဦးကင်း၌သာ ဖြစ်သောအမြုတေ . |
| (၂) တရာဟဒါဠ္ဌ | ။ ။ | ဝက်စွယ်အဆင်းရှိသည့် ဝက်၏ |



www.burmeseclassic.com

www.burmeseclassic.com



အစွယ်၌ဖြစ်သော အမြုတေ. .

(၃) ဝဋ္ဋာဟကံတိ ။ ။ တိမ်တိုက်၌သာ နတ်တို့သာ သုံးစွဲခွင့်ရှိသောအမြုတေ. .

(၄) ဘုဇင်္ဂသီသံ ။ ။ စိမ်းညိုရောင်တောက်ပသည့် မြွေဦးခေါင်း၌ဖြစ်သော အမြုတေ. .

(၅) သခေါ် ။ ။ ခရုသင်းဟုခေါ်သော ခရုကောင်၌ဖြစ်သော ပုလဲရတနာအမြုတေ. .

(၆) သိပ္ပိ ။ ။ အရောင်အဆင်း အထူးရှိသည့် ကနုကမာခေါ် ခရုကောင်တစ်မျိုး၌ ဖြစ်တည်သော ပုလဲရတနာအမြုတေ. .

(၇) ဝေဠု ။ ။ စပျစ်သီးအစိမ်းရောင် အဆင်းရှိသည့် ဝါး၌ဖြစ်သောအမြုတေ. .

(၈) မစ္ဆသိရော ။ ။ ငါး၏ ဦးခေါင်း၌ဖြစ်သော အမြုတေ. .

"တိမ်တိုက်မှာဖြစ်တဲ့ အမြုတေနဲ့ ဝါးပင်မှာဖြစ်တဲ့ အမြုတေ နှစ်ပါးကလွဲပြီး ကျန်တဲ့(၆)မျိုးက သတ္တဝါတွေမှာပဲဖြစ်တယ်. .

အဲဒီအထဲက 'မြွေဦးခေါင်း၌ရသောအမြုတေ'လို့ ပါတယ် မဟုတ်လား၊ ဒီမြွေက နဂါးအယောင်ဆောင်ထားတဲ့မြွေ၊ ဒီတော့ သူ့ဦးခေါင်းထဲက အမြုတေကလည်း နဂါးအမြုတေပေါ့ကွာ၊ ဒါပေမယ့် ဆရာ့ပညာစက် အားမပြည့်လို့ ဒီအမြုတေကို မရလိုက်ဘဲ ဆိုင်ရာက ပြန်သိမ်းတာ ခံလိုက်ရတာ၊ ဒီအမြုတေရလို့ကတော့ သိဒ္ဓိလိုင်းမှာ ပြိုင်ဘက်ကင်းပဲ. . မနောမယသိဒ္ဓိ ပြဒါးရှင်ဆိုး ရတာနဲ့ အတူတူပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက မချိတင်ကဲလေသံဖြင့် ဆက်၍. .

"နဂါးဆိုတာ ရေရှိတဲ့အရပ်မှာ နေတယ်ဆိုပေမယ့် ကုန်းပေါ်၊ တောင်ပေါ်မှာနေတဲ့ နဂါးတွေလည်းရှိတယ်၊ အမျိုးအစား အမျိုးမျိုးပေါ့. . . ခန္ဓာဂ္ဂသံယုတ်၊ ပါဠိတော်အဋ္ဌကထာ၊ နာဂသံယုတ်တွေမှာ ဖော်ပြထားတာဆိုရင် နဂါးအမျိုးပေါင်း (၁၀၂၄)မျိုး ရှိသတဲ့"

"အများကြီးပါလား"

စိုင်းလုံ အံ့ဩလွန်း၍ အသံပါထွက်သွား၏။

"ငါးရှင့်ငါးဆယ် ဝိသတိနိပါတ် ဓမ္မေယျဇာတ်ကိုပဲကြည့်လေ၊ အဂ္ဂီမင်းနဲ့ မာဂဓမင်းနှစ်ပါး စစ်ဖြစ်တော့ မာဂဓမင်းဘက်က နဂါးတွေ စစ်ကူပေးလို့ မာဂဓမင်း နိုင်ခဲ့တယ်၊

ပုဂံရာဇဝင်မှာလည်း ပျူမင်းနန်းတက်တော့ မယ်တော် နဂါးမက ရန်သူကို နှိမ်နင်းနိုင်သော နဂါးစစ်သည်(နဂါးလုလင်) (၁၀၈)ယောက်ကို ပေးအပ်သတဲ့၊

အဲဒီနဂါးလုလင်တွေဟာ 'မင်းကြီး ထွက်တော်မူသောအခါ လှေကားတို့၌ အမြဲစောင့်ရှောက်၍နေ၏'. . လို့ပြဆိုထားတယ်၊ ဒါကြောင့် မနေ့ညက ဆရာတို့နဲ့တိုက်ခိုက်ခဲ့တာဟာ မြွေမဟုတ်ဘူး၊ မြွေခန္ဓာကို ယူထားတဲ့ နဂါးပဲကွဲ့"

"ကျွန်တော်တို့က မြွေကြီးထင်နေတာ"

"ဒါနဲ့ အဲဒီမြွေအသေကြီးကိုကော ဖျက်ပြီးကြပြီလား"

ဦးဒေဝ၏အမေးကြောင့် တပည့်တစ်ယောက်က.

"ရွာသားတွေ ဖျက်နေကြပါပြီဆရာကြီး၊ ပြီးတော့. . မြွေ



www.burmeseclassic.com

www.burmeseclassic.com



သားကို တစ်ရွာလုံး ပျော်ပျော်ပါးပါး ချက်စားကြမယ်တဲ့၊ သူကြီး ကိုယ်တိုင်ကလည်း လတာပြင်မှာ မီးပုံပွဲကြီးလုပ်ပြီး မြွေသားကို အမျိုးမျိုး ချက်ပြုတ်ကြော်လှော်ထားတဲ့ ဟင်းတွေနဲ့ သောက်,စား ပွဲကြီး လုပ်ပေးမတဲ့ ဆရာကြီး"

ဟုပြန်ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၃)

လပြည့်ကျော်. . တစ်ရက်။

ကောင်းကင်ယံ၌ လသည် ပြည့်ဝစွာ ထိန်ထိန်သာလို့ နေလေ၏။ ချောင်းအနီးကွင်းပြင်မှာတော့ ကြီးမားသော မီးပုံကြီးသုံးပုံက မီးဟုန်းဟုန်းတောက်လျှက်. . ။ ထိုမီးပုံကြီးကို ဝိုင်းပတ်၍ ပျော်ရွှင်နေကြသော ရွာသားများ. . ။

တစ်ရွာလုံး ပျော်ရွှင်စွာ သောက်,စားပွဲကြီး ကျင်းပနေခြင်းဖြစ်သည်။ သူကြီးကိုယ်တိုင်လည်း ပါဝင်ဆင်နွဲနေ၍ ရွာလူထုမှာ


www.burmeseclassic.com

www.burmeseclassic.com


ပိုမိုတက်ကြွနေတော့သည်။

ထိုအချိန်တွင် တဲတံခါးပိတ်၍ တကိုယ်တည်း သီးခြားနေသူတစ်ယောက် ရှိနေ၏။ ထိုသူကား ဦးဒေဝပင်တည်း. .

သူသည် အငွေ့တထောင်းထောင်းထနေသော ကြေးအိုးကြီးရှေ့တွင် မျက်လွှာချကာ ငြိမ်သက်စွာ ထိုင်နေသည်။

သူ့ဘေးတွင် တပည့်ကျော် စိုင်းလုံပင်မရှိ. .။

"ငါ့ကို ဘယ်သူမှလာမခေါ်နဲ့၊ ငါ့အနားလည်း ဘယ်သူမှ မလာကြနဲ့၊ ငါအစီရင်ထူးတစ်ခု လုပ်စရာရှိတယ်"

ဤသို့ ဆရာကြီးကိုယ်တိုင် မှာထား၍ မည်သူမှ သူ့ကို မခေါ်ရဲကြ. .။

ထိုအချိန် ကွင်းပြင်ထဲမှာတော့. . မှုးယစ်သေစာများကလည်း အပြည့်၊ မြွေသားကင်. . မြွေသားကြော် အနံ့က လေပြေတွင် ပျံ့လွင့်လို့နေသည်။

သို့သော်. . . ထိုခဏ၌ အခြေအနေတစ်ရပ်က ပြောင်းလဲသွား၏။ ခပ်သော့သော့တိုက်နေသောလေက ခပ်ပြင်းပြင်းတိုက်ခတ်လာသည်။ လေအရှိန်ကြောင့် မီးပုံမှမီးညွန့်များ ဖွာခနဲ ဖြစ်သွားကာ သစ်ပင်များကလည်း ယိမ်းထိုးခါယမ်းသွား၏။

'တဝေါဝေါ'. . အသံကြီးများလည်း မြည်ဟည်းလာကာ တော်လည်းသံကြီးကဲ့သို့ မြေကြီးအတွင်းမှ လှုပ်ရှားမြည်ဟည်းသံများကို ကြားလာရသည်။

"ဘာသံတွေလည်းဟ. . ."

"အသံက မြေကြီးအောက်က ဖြစ်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . အောက်မှာ တစ်ခုခုရွေ့နေသလိုပဲ"

တချို့မြေနေရာများ၌ အက်ကြောင်းများ၊ ပတ်ကြားအက်များ ပေါ်လာပြီး . . မြေပြိုမှုများလည်း ဖြစ်လာခဲ့ပြီ။

"ဟာ . . မြေငလျင်လှုပ်တာလား မသိဘူး"

အခြေအနေက ရုတ်တရက် ပြောင်းလဲသွားကာ အားလုံး ရှုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။ ပျော်ရွှင်နေရာမှ ကြောက်လန့်လာကြသည်။

စောစောက ဖွေးနေသော လမင်းကြီးအား တိမ်မည်းလိပ်၊ တိမ်မည်းထုကြီးများက ဖုံးအုပ်သွားချေပြီ . . ။ ခဏအတွင်းမှာပင် ကောင်းကင်ပြင်က နီရဲသွားပြန်သည်။

ကောင်းကင်တစ်ခုလုံး သွေးရောင်များ ဖုံးလွှမ်းထားသည့်အလား . .

"ဟာ . . ဘာတွေလဲ မိုးပေါ်က ဘာတွေလည်းမသိဘူး ကျလာပြီ"

"မိုး . . မိုးရေတွေဗျို့ . . မိုးရွာချပြီ"

ကောင်းကင်မှ မိုးပေါက်များ တပေါက်ပေါက်ကျရာမှ ချက်ချင်းပင် ဝေါခနဲ သွန်၍ရွာချလေတော့သည်။

မိုးက အချိန်အခါမဟုတ် ရွာသောမိုး . . .

"အား! . ."

"အမလေး! . ."

"အား . . ပူလိုက်တာ"

"ဟာ . . မိုးရေတွေက အက်ဆစ်တွေလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထိတဲ့နေရာကို ရှဲခနဲလောင်ပြီး စားသွားပြီကွ၊ ပြေး. . ပြေး မိုးလွတ်ရာကို. . ပြေး"

ထူးဆန်းသောမိုးဒဏ်ကို တစ်ရွာလုံး ခံလိုက်ကြရသည်။

မိုးက ရိုးရိုးမိုးမဟုတ်. . .

ငရဲမီးအက်ဆစ်ကဲ့သို့ ပြင်းထန်စွာလောင်ကျွမ်းစေသောမိုး၊ ထိုမိုးကို ရွာသားတွေ ရှောင်ပြေးလို့မလွတ်နိုင်ခဲ့. . ။

ထို့ပြင် ချောင်းရေထဲမှလည်း ဗွမ်းခနဲ ဗွမ်းခနဲ အသံကြီးများကို အဆက်မပြတ်ကြားနေရ၏၊

"ဟိုမှာ မြွေကြီး. . မြွေကြီးတွေ အများကြီးပဲ"

"မဟုတ်ဘူး မြွေမဟုတ်ဘူး. . အဲဒါ. . နဂါး. . နဂါးတွေ"

"နဂါးတွေ ရေထဲကတက်လာကြပြီ၊ ပြေး. . ပြေးကြ"

"အား!. . ပူလိုက်တာ"

"အီး. . မျက်လုံးကန်းပါပြီ"

"ကယ်ကြပါအုံး. . လုပ်ကြပါအုံးဗျို့"

ရောမမြွေကြီးကို သတ်စား၍ ရရှိလာသော ပြစ်ဒဏ်လေလား၊ သို့တည်းမဟုတ် နဂါးတို့၏ အမျက်ဒေါသကြောင့်လေလား မသိ၊ ကောင်းကင်မှ အက်စစ်မိုးသည် အပြိုးကြီးစွာ ရွာချနေလေပြီ။

နာရီဝက်ခန့်အကြာမှာတော့ တဝုန်းဝုန်းရွာနေသော မိုးလည်း တိတ်သွား၏။ ထို့အတူ တဝေါဝေါ တိုက်ခတ်နေသော လေတို့လည်း ရပ်တန့်သွားခဲ့ချေပြီ။ ကောင်းကင်၌ တိမ်မည်းတွေသည်း မရှိတော့. . ။

စောစောက ဆူညံသံများလည်း ပျောက်သွားကာ၊ အရာ



www.burmeseclassic.com

www.burmeseclassic.com



ရာက ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေပြီ။

သို့သော်. . . မြင်နေရသည့်မြင်ကွင်းက အကျည်းတန်စရာ. . ။ မြေကြီးပေါ် တုံးလုံးပက်လက် လဲနေကြသော ရွာသားများ၊ သူတို့တကိုယ်လုံးမှာလည်း မီးကျွမ်းနေ၏။

အသက်ရှင်သူ တစ်ယောက်မှမရှိတော့. .

ပြင်းထန်သော အက်ဆစ်မိုးသည် လူသားများသာမက သက်ရှိအားလုံးကိုပါ လောင်ကျွမ်းစေခဲ့၏။ မထင်မှတ်သောကံကြမ္မာ အလှည့်ပြောင်းတစ်ခုမှာ မလှပသော နိဂုံးချုပ်ခြင်းဖြင့် တစ်ရွာလုံး လောင်ကျွမ်းပျက်စီးခဲ့ရချေပြီ။

သို့သော် အသက်မသေဘဲ ကျန်ရစ်ခဲ့သူတစ်ယောက်တော့ ရှိသည်။ ထိုသူကား မြွေသားမစားဘဲ အခန်းအောင်း ကျင့်ကြံနေသော ဦးဒေဝပင်ဖြစ်လေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၄)

ကြေးအိုးကြီးတစ်ခုထဲမှ အငွေ့များက တလူလူ ထွက်နေသည်။ ထိုရှေ့တွင် မျက်လွှာချ၍ ထိုင်နေသူက ဦးဒေဝ ဖြစ်၏။ မျက်လုံးကို အသာအယာဖွင့်လိုက်သည်။ ထို့နောက်. . ဘေးတွင် အသင့်ချထားသော ဆေးထုပ်များထဲမှ တစ်ထုပ်ကို ကြေးအိုးကြီးထဲ သွန်ချလိုက်၏။ ဆေးမှုန့်များ ကျသွားတော့ အငွေ့များက ဟောခနဲထွက်လာကာ အခန်းကျဉ်းလေးထဲ ပြည့်လျှံသွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မန္တရားတစ်ပုဒ်ကို စတင်ရွတ်ဖတ်လေတော့သည်။

“ဩြောင်းနှင့်. . သျှရိ. . သျှရိ”

တဒင်္ဂအတွင်းမှာပင် ဦးဒေဝ၏ ခန္ဓာကိုယ်တွင်း၌ ထူးခြားသော ဇီဝကမ္မ လှုပ်ရှားမှုများ ဖြစ်လာခဲ့သည်။ ခန္ဓာကိုယ်သည် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မရှား ဖြစ်သွား၏။ ထွက်သက်ဝင်သက်ပင် မသိသာတော့. . ။ လှုပ်ရှားမှုမှန်သမျှ ရပ်တန့်သွားသည့်အလား ထင်မှတ်ရသည်။

မန္တရားရွတ်နေသံကိုလည်း မကြားရတော့. . . ။

ထိုခဏ၌ သူ့ခန္ဓာကိုယ်မှ တစ်စုံတစ်ခုသည် ဖြည်းညှင်းစွာ တိုးထွက်လာပါသည်။ ဖြူဖြူအခိုးငွေ့များနှင့် ရောယှက်နေ၍ မြင်ကွင်းက မထင်ရှားလှ. . ။ သေချာတာတစ်ခုက ထိုအရာသည် ဦးဒေဝ၏ ခန္ဓာကိုယ်မှ ထွက်လာတာပင်. . .

ထိုအရာမှာ အခြားမဟုတ်. . .

ဦးဒေဝ၏ ကိုယ်ပွါးဝိညာဉ်၊ လိပ်ပြာခန္ဓာပင် ဖြစ်ပေတော့သည်။ ဝိညာဉ်ခွါခြင်း(ဝါ)လိပ်ပြာလွင့်ခြင်းဟူသော နာနာရုပ်အတတ်ကို ကျွမ်းကျင်တတ်မြောက်သော ဦးဒေဝသည် အကြောင်းတစ်ခုကြောင့် ထိုပညာရပ်ကို ထုတ်သုံးနေပြီ ဖြစ်သည်။

အခန်းထဲ၌ ဦးဒေဝ၏ဝိညာဉ်သည် လေထဲမျောလွင့်နေသလို. . အောက်တွင်လည်း အသက်မရှိတော့သော နာမ်မဲ့ခန္ဓာက ငြိမ်သက်စွာ ကျန်နေလေ၏။ ရုပ်တုတစ်ခုနှင့်လည်း တူ၏။

ထိုစဉ် အနီရောင်ဝတ်စုံဖြင့် လူတစ်ယောက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဟု ရဲရဲပြောလို့မရလောက်အောင်လည်း အခိုးငွေ့ဆန်ဆန် ဖြစ်နေသည်။ ထူးခြားမှုတစ်ခုက ထိုလူလက်ထဲတွင် တောင်ဝှေးကဲ့သို့ တုတ်တစ်ချောင်း ကိုင်ထား၏။

"အမောင်ဒေဝ ဤနေရာမှ အမြန်ထွက်ခွါတော့၊ အသင်နေထိုင်သော ဌာနသည်ကား အဂ္ဂိမုခနဂါးတို့ မျက်မာန်သင့်၍ လောင်ကျွမ်းပျက်စီးခဲ့ချေပြီ၊ အသင်၏ ဇနီးမယားနှင့် သမီးသည်လည်း လောင်မီးထဲ အသက်ပျောက်သွားလေပြီ၊ အသင်သည် အကျိုးဆက် အကြောင်းတရားတစ်ခုကြောင့် ကျန်ရစ်နေခြင်း ဖြစ်သည်"

ထိုပုဂ္ဂိုလ်က ဆက်၍. . .

"အသင်သည် အဂ္ဂိမုခနဂါးကို ဒုက္ခပေးခဲ့၍ နဂါးတို့၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်၊ ယနေ့ပင်လျှင် ဤနေရာ၌ သင်၏ ဘဝတစ်ခု ပြီးဆုံးခဲ့ပြီ၊ ဤနေရာမှ ဝေးကွာသောနေရာတွင် တဖန်ပြန်လည်ရပ်တည်ပါလော့၊ ယနေ့အချိန်ကာလမှစ၍ နောက်နှစ်ပေါင်းနှစ်ဆယ်အကြာမှာ ဤနေရာကို ပြန်လာခဲ့ပါ၊ အသင်လိုချင်သော အဂ္ဂိမုခနဂါးအမြုတေကို သင်ရှာတွေ့ပါလိမ့်မည်"

စကားအဆုံး၌ ထိုပုဂ္ဂိုလ်လည်း ကွယ်ပျောက်သွားတော့သည်။ အခန်းထဲ အဖြူရောင်အခိုးအငွေ့တွေလည်း လျော့ပါးစပြုလာခဲ့ပြီ။

ဦးဒေဝ၏ဝိညာဉ်သည် ညင်သာစွာရွေ့လျား၍ ပြန်လည်ဆင်းသက်လာခဲ့၏။ အောက်တွင် ငြိမ်သက်စွာရှိနေသော သူ့ရုပ်ခန္ဓာထဲသို့ ပြန်လည်စိမ့်ဝင်သွားချိန်မှာတော့ ဦးဒေဝ၏ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အစုံက ဖြုတ်ခနဲ ပြန်ပွင့်လာတော့လေသည်။

အပြင်မှာတော့ တစ်ရွာလုံး လောင်မီးကျ၍ ပျက်စီးပြီဆိုသော အသိက. . သူ့ခေါင်းထဲ ဦးစွာဝင်လာချိန်တွင်တော့. .

"အား!. . မိန်းမ. . သမီး. ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး
နှစ်နှစ်ဆယ်ခန့်ကြာသောအခါ..

# အခန်း (၅)

လက်စွပ်ကို လက်ခလယ်တွင် စွပ်ကြည့်ပြန်သည်။ ဒုတိယအကြိမ်မြောက် စွပ်ကြည့်လိုက်ခြင်းဖြစ်၏။ ခဲရာခဲဆစ် ခရှိဘဲ လျောလျောရှုရှု ဝင်သွား၏။

ထက်ပိုင်က သူ့လက်ကိုထောင်ကြည့်ကာ ကျေနပ်နေ၏။ လက်ချောင်းဖြူဖွေးဖွေး၌ လက်စွပ်က ပန်းသင့်စွာ..

အမှန်က ထိုလက်စွပ်သည် သူ့ပစ္စည်းတော့မဟုတ်..။



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင်သည် ရှေးဟောင်းသုတေသန အရာရှိတစ်ဦး ဖြစ်သလို ပျူခေတ် မြို့ဟောင်းများတူးဖော်ရာ၌ ပါဝင်ရသူလည်းဖြစ်သည်။ သူတို့သည် ပျူခေတ်ယဉ်ကျေးမှုဖြစ်သော ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် တကောင်းမြို့ဟောင်းများကို လေ့လာတူးဖော်နေကြခြင်း ဖြစ်သည်။

သူ့အတွက်တော့ မြေကြီးထဲက ကျောက်အပိုင်းအစလေး တစ်ခုသည်ပင် တန်ဖိုးရှိလှသည်။ တချိန်က ထည်ဝါခမ်းနားစွာ တည်ရှိခဲ့သော နန်းတော်တိုင်လုံးကြီးတစ်လုံးမှ ပဲ့ထွက်လာသော ကျောက်အပိုင်းအစသည် ထိုခေတ်၏ယဉ်ကျေးမှု၊ လူနေမှုအဆင့်အတန်း၊ ဘာသာတရား ကိုးကွယ်မှုတို့ကို လှစ်ဟပြနေသည်။

ထို့ကြောင့်. . သူတို့သည် မြေကြီးထဲမှတူးဖော်ရရှိသော မြေအိုးခြမ်းကွဲ အစအနလေးတစ်ခုကိုပင် တယုတယ တမြတ်တနိုး တန်ဖိုးထားကြကုန်သည်။ ထိုခံစားချက်မျိုးကို တစ်ခြားလူတို့ ခံစားနိုင်ကြမည်မဟုတ်. .

ယခုလည်း ဗိဿနိုးမြို့ဟောင်းတူးဖော်စဉ် ကုန်းအမှတ် (၂၀)မှ လက်စွပ်လေးတစ်ကွင်းကို ထက်ပိုင်တို့တွေ့ရှိခဲ့သည်။

လောလောဆယ်တွင် ထက်ပိုင်ကပင် ထိုလက်စွပ်လေးကို ထိန်းသိမ်းထား၏။ လက်စွပ်မှာ. . မည်းနက်သော ကျောက်တစ်လုံးကို ကွပ်၍ လက်စွပ်ပြုလုပ်ထားခြင်း ဖြစ်သည်။

လက်စွပ်ကိုတွေ့စဉ်က လုပ်ဖော်ကိုင်ဖက် ရဲလေးပြောခဲ့သည်များကို ထက်ပိုင် ပြန်ကြားယောင်လာ၏။

"ကျောက်က ရှားပါးပြီး လှပတဲ့ဒီဇိုင်း AGATE 'မဟုတ်ရ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်' ပဲ ကိုထက်"

"ခင်ဗျားကလည်း သိလှချည်လား"

ရဲလေးက ရယ်လျှက်. .

"မဟူရာကျောက်က နှစ်မျိုးရှိတယ်ကွ၊ ကိုထက်နားလည်အောင်ပြောရရင် ဒီကျောက်ကို နေရောင်မှာထောင်ကြည့်ရင်လည်း အနက်ရောင်ပဲ၊ အပိတ်အမျိုးအစားပေါ့ဗျာ၊

နောက်တစ်မျိုးကျတော့ အောက်ချထားရင်တော့ အနက်ပဲ၊ ဒါပေမယ့် နေရောင်မှာထောင်ကြည့်ရင် အနီရောင် သမ်းနေတာတွေ့ရတယ်၊ ဒါကို 'မဟူရာမီးပေါက်'လို့ခေါ်တယ်ဗျ၊ အနောက်နိုင်ငံသားတွေကတော့ ဒီမဟူရာကျောက်ကို 'ပတ္တမြားအနက်'လို့ တင်စားခေါ်ဝေါ်ကြတယ်၊

ဒီကျောက်ထွက်တာ. . ဗီယက်နမ်၊ လာအို၊ သီရိလင်္ကာ၊ အိန္ဒိယနဲ့ မြန်မာပေါ့၊ မြန်မာမှာဆိုရင် မိုးကုတ်၊ မိုးမိတ်ကထွက်တာ၊ (၁၈၅၂)ခုနှစ်မှာ 'မစ္စတာပိန်း' ဆိုသူက စတင်တွေ့ရှိခဲ့တဲ့အတွက် 'ပိန်းနက်ကျောက်'လို့လည်းခေါ်တယ်၊ (၁၈၈၆) မှာ"မစ္စတာအရောင်း"ဆိုသူကလည်း ထပ်တွေ့ခဲ့တယ်ဗျ"

ဟုရှင်းပြလေသည်။ ထက်ပိုင်က သူသိလိုတာတချို့ကို ထပ်မေးလေသည်။

"နေပါအုံး ကိုရဲလေးရဲ့၊ ဒီကျောက်က ဘယ်လိုအစွမ်းတွေများ ရှိသလဲဗျာ"

"သွေးပြီးလိမ်းရင် မြွေဆိပ်ပြေတယ်၊ ဆောင်ထားရင် အသက်ရှည်တယ်၊ ရောဂါဆိုးမကျရောက်ဘူးလို့ ဒေသခံတွေယုံကြည့်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကျောက်ဗျ၊ ဒါတင်မကဘူး အမှောင့်ပယောဂ၊ မကောင်းဆိုးဝါးတွေ၊ နာနာဘာဝတွေ မကပ်နိုင်ဘူး၊ ရေစိမ်ပြီးတိုက်ရင် ပယောဂထွက်သတဲ့. . ”

ထက်ပိုင် တစ်ချက်ပြုံးလိုက်ရင်း. .

“ဒါဆို အစိမ်းသရဲတွေကြောက်တဲ့ ကျောက်ပေါ့”

“ဒီလိုလည်း ပြောလို့ရတယ်၊ (၁၉၆၇)ခုနှစ်မှာ ဗြိတိသျှဘုရင်မကြီး အယ်လီစဘက်ဟာ မဟူရာကျောက်နဲ့ လုပ်ထားတဲ့ လက်ဝတ်တန်ဆာကိုဝတ်ဆင်ပြီး အင်္ဂလန်ကျွန်းကို ကားနဲ့ တိုင်းခန်းလှည့်တယ်၊ တစ်နေရာအရောက်မှာ ကျောက်က အရောင်တွေထွက်ပြီး တလက်လက်တပြောင်ပြောင် ဖြစ်လာတာနဲ့ ရှေ့ဆက်မသွားတော့ဘဲ ပြန်လှည့်ခိုင်းသတဲ့. .၊

အဲဒီအချိန်မှာပဲ သူ့ရှေ့ကိုက် အနည်းငယ်မှာ မိုင်းဗုံးထပေါက်တော့တာပဲ၊ ဘုရင်မကြီးလည်း သူ့အသက်ကိုကယ်တဲ့ မဟူရာကျောက်ကို အမြတ်တနိုး တန်ဖိုးထားသွားတယ်တဲ့လေ. . ”

“မောင် ဘာတွေစဉ်းစားနေတာလဲ”

ရေချိုးအပြီး ရင်လျှားနှင့်ထွက်လာသော ချစ်ဇနီး နှင်းသက်ခိုင်၏ အသံကြောင့် ထက်ပိုင် အတွေးနယ်လွန်နေရာက စိတ်နှင့်ကိုယ် ပြန်ကပ်သွားသည်။

“ဘာမှမဟုတ်ပါဘူး သက်”

အခန်းထဲဝင်သွားသော သက်နောက်သို့ ထက်ပိုင်လိုက်ဝင်သွားသည်။ မှန်တင်ခုံရှေ့တွင်ထိုင်ရင်း ဆံစတွေကိုဖီးသင်နေသော ချစ်ဇနီးသက်၏ နောက်ကျောပြင်ကိုကြည့်ရင်း သက်ပြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com


ဘယ်နှစ်ကြိမ်မြောက် ချမိမှန်းပင် ကိုယ်တိုင်မသိတော့. .

ပြောမည်ဟု အားခဲထားသော စကားလုံးတွေသည် သူမ၏ အပြစ်ကင်းစင်သော မျက်နှာလေးကိုမြင်လိုက်တိုင်း လည်ချောင်းဝမှာ တစ်ဆို့ကာ ပြော၍မထွက်ဘဲ ငုပ်လျှိုး၍ ဝင်သွားရသည်။

"မောင်. . ဘာတွေစဉ်းစားနေတာလဲဟင်၊ မောင့်မျက်နှာကိုကြည့်ရတာ တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေတဲ့ပုံပဲ"

အနားသို့လျှောက်လာသော သက်၏အမေးကြောင့် ထက်ပိုင် အသက်မပါသော အပြုံးခပ်ယဲ့ယဲ့ကို သူမကျေနပ်အောင် ပြုံးပြလိုက်သည်။ သက်၏ နွေးထွေးသော လက်အစုံသည် သင်းပျံ့သော ကိုယ်သင်းရနံ့တွေနှင့်အတူ ထက်ပိုင်ပုခုံးကို လာထိတွေ့၏။

ထိုစဉ်. . ဖုံးမြည်လာသည်။

"တီလတီ. . တီလတီ. ."

"ဟော့. . မောင်ရေ. . ဖုန်းလာနေတယ်"

သူမကပင် ဖုန်းကိုလှမ်းယူကာ သူကြားသာအောင် စပီကာလေးဖွင့်ပြီး. . 'ဟဲလို'ဟူသော အသံချိုကြည်ကြည်လေးဖြင့် ထူးလိုက်သည်။

ဖုန်းထဲမှ ထွက်ပေါ်လာသော အသံကတော့ မညက်ညော မညင်သာဘဲ စူးခနဲ ထွက်ပေါ်လာသည်။

"ဟဲ့. . ထက်ပိုင် မရှိဘူးလား၊ ဒီမှာ အဖေတစ်ယောက်လုံး အသည်းအသန်ဖြစ်နေတာကို သိသိကြီးနဲ့ အသက်မှီအောင် မလာဘူးလား၊ မိန်းမတစ်ယောက်အတွက်နဲ့ အဖေ့ရဲ့နောက်ဆုံးအချိန်ကို ဥပေက္ခာပြုတော့မလို့လား၊ ပညာတတ်ကြီးဖြစ်အောင် ပညာတွေ


www.burmeseclassic.com

www.burmeseclassic.com


*သင်ပေးခဲ့တဲ့မိဘကို ဒီနည်းနဲ့ကျေးဇူးဆပ်တာလား. . ၊ ထက်ပိုင်ကို ဖုန်းပေးလိုက်စမ်း"*

သက် ဖုန်းနားထောင်နေရင်းမှ နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်လာကာ ထက်ပိုင်ကို လှမ်းကြည့်သည်။ ဖုန်းက စပီကာဖွင့်ထားသည်မို့ ဖုန်းထဲကအသံကို ထက်ပိုင်လည်း အတိုင်းသားကြားနေရသည်။

ထို့ကြောင့် ထက်ပိုင် သက်ဆီကဖုန်းကို လှမ်းတောင်းလိုက်သည်။ စပီကာကို ပိတ်လိုက်ရင်း. .

"ဟဲလို. . အမေ၊ သားဒီမှာ အလုပ်ကိစ္စလေးတွေ မပြတ်သေးလို့ပါ၊ ပြီးတာနဲ့ မန္တလေးကို ညတွင်းချင်း ဆင်းလာမှာပါ"

"အေး. . မင်းကိစ္စက ဘယ်တော့ပြတ်မှာလဲ၊ မင်းအဖေရဲ့ အသက်က ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေပြီ၊ မင်းမျက်စိထဲမှာ မင်းမိန်းမတစ်ယောက်ကိုပဲ မြင်တော့သလား၊ ဒီလိုဆိုရင်တော့ ငါတို့မိဘတွေကလည်း သေခန်းပြတ်ရတော့မှာပဲ"

ထိုသို့ပြောပြီးဖုန်းချသွားသောကြောင့် ထက်ပိုင် ခုတင်ထက်မှာ ခြေပစ်လက်ပစ် လှဲချလိုက်တော့သည်။

"မောင်. . မောင့်အဖေ အသည်းအသန် ဖြစ်နေတယ်. . ဟုတ်လား၊ အဲဒါကို ဘာဖြစ်လို့ သက်ကို ပေးမသိရတာလဲ မောင်ရယ်၊ ဘာပဲဖြစ်ဖြစ် မိဘဒီလောက်နေမကောင်းဖြစ်နေတာ မောင်သွားသင့်တာပေါ့၊ သားကြီးဖြစ်နေပြီး မိဘကိုမပြုစုဘူးဆိုရင် မောင့်အပြစ်ဖြစ်မှာပေါ့၊ ဟိုမှာ မောင့်ညီမ လရိပ်က တစ်ယောက်တည်းရယ်"


www.burmeseclassic.com

www.burmeseclassic.com


ထက်ပိုင် ခေါင်းခါပြရင်း. .

"မပြောရက်လို့ပေါ့ သက်ရယ်၊ လာမယ့် စနေနေ့ဆိုရင် သားလေးဆုံးတာ တစ်နှစ်ပြည့်ပြီလေ၊ အဲဒီရက်ကို သက်အတွက် စောင့်ပေးနေတာ၊ မောင်အိမ်ကို ခဏပြန်ရမယ်ဆိုတာ သက်သိရင် စိတ်မကောင်းဖြစ်သွားမှာစိုးတယ်၊ နဂိုကတည်းကမှ မောင့်မိဘတွေ က သက်နဲ့မောင့်ကို သဘောတူတာမှ မဟုတ်တာ"

လမင်း မျက်ရည်တွေဝဲလာနေပြီ။ သူတို့သားလေး တစ်နှစ် သားအရွယ်တွင် နမိုးနီးယားဖြစ်ကာ ဆုံးသွားရရှာသည်။

သက်နှင်း မျက်နှာလေးမှာ ပြုံတော့မယ့်မိုးလို ညိုမှောင်သွား ပြီး သူမ၏ ဖျော့တော့သော အကြည့်တွေကို ခပ်ဝေးဝေးသို့ ပို့လွှတ် ရင်း. .

"ဘာတတ်နိုင်ပါ့မလဲ မောင်ရယ်၊ သားလေးတစ်နှစ်ပြည့်မှာ မောင်မရှိလည်း လမင်းတစ်ယောက်ထဲ ကုသိုလ်ကောင်းမှုတွေ လုပ် ထားလိုက်ပါ့မယ်၊ မိဘတွေရဲ့ သေရေးရှင်ရေးကိစ္စကို မသွားဘဲနေလို့ မှ မရတာပဲ. . သွားလိုက်ပါ၊ လမင်းကြောင့် မောင့်ကို သားဆိုးတစ် ယောက် အဖြစ်မခံနိုင်ဘူး"

သက်စကားက သူ့အတွက် အနည်းငယ် အင်အားဖြစ်သွား စေသည်။ ထိုစဉ် သမီးဖြစ်သူ 'သီရိပိုင်'ကို အဝတ်အစားအသစ်များ နှင့် တွေ့လိုက်ရသဖြင့်. .

"သမီးတောင် အဆင်သင့်ဖြစ်နေပြီ"

"ခနလေး. . ဖေကြီး အဝတ်စားလဲလိုက်အုံးမယ်"

သမီးကိုပြောကာ အကျီလဲဖို့ပြင်ရင်း မဟူရာလက်စွပ်ကို


www.burmeseclassic.com

www.burmeseclassic.com



ချွတ်မယ်လုပ်တော့. . ရုတ်တရက် ဖြုတ်မရ။ စွပ်တုန်းကတော့ အသာလေးဝင်သွားပြီး အခုမှဘာလို့ ကျပ်သွားရတာလဲဟု တွေးမိသည်။ သိပ်လည်းအကြည့်ရမဆိုး၍ နေပါစေတော့ဟုသဘောထားကာ မချွတ်တော့ဘဲ စားပွဲပေါ်မှ ကားသော့ကိုကောက်ကိုင်ပြီး ထွက်လာခဲ့တော့သည်။

ဇနီးနှင့်သမီးက Shopping ထွက်ကြမည်ဖြစ်သည်။ သမီးဖြစ်သူက ယခုနှစ် တစ်တန်းတက်မည်။ ကျောပိုးအိတ်လှလှလေးနှင့် ရေဘူးဝယ်ပေးပါဟု သမီးကပူဆာသည်။ ထို့အတွက် သမီးအတွက်ရော၊ အိမ်အတွက်ပါ လိုအပ်သော ပစ္စည်းပစ္စယများ ဝယ်ခြမ်းနိုင်ရန် ယခုကဲ့သို့ ထွက်လာခဲ့ခြင်းဖြစ်၏။

ထက်ပိုင်က ကားမောင်း၍ နောက်ခန်းတွင် သားအမိနှစ်ယောက်က ထိုင်လိုက်လာခဲ့သည်။ ကားကို ပုံမှန်အတိုင်း မောင်းလာရာ ပြည်လမ်းရှိ အင်းယားကန်ရှေ့သို့ ရောက်လာခဲ့သည်။ လမ်းကောင်းတော့ တစ်ခြားကားတွေက တစ်စီးပြီးတစ်စီး သူတို့ကားကို ကျော်တက်သွားကြ၏။

"ဖေကြီးကလည်း သူများကားတွေက သမီးတို့ကို ကျော်နေပြီ၊ ပြန်လိုက်ကျော်ပါလား ဖေကြီးရာ"

သမီးဖြစ်သူက အားမလိုအားမရ ပြောနေ၍ ထက်ပိုင် ပြုံးလိုက်မိသည်။ ဇနီးဖြစ်သူ နှင်းသက်ခိုင်ကတော့ မျက်နှာထားကို တင်း၍ ဆိုသည်။

"သမီး. . . ဘာလို့ မြန်မြန်မောင်းခိုင်းနေရတာလဲ၊ မြန်မြန်မောင်းရင် အန္တရာယ်များတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မေကြီးကဘာသိလို့လဲ ခုနကားထဲက ကောင်လေးက သမီးကိုလျှာထုတ်ပြသွားတယ် မေကြီးရဲ့ သမီးကို ပြောင်သွားတာ သိပ်စိတ်ဆိုးတာပဲ"

သမီးဖြစ်သူ၏ တွတ်တီးတွတ်တာစကားကြောင့် မိဘနှစ်ဦးစလုံး ရယ်မောမိကြတော့သည်။

"ဟုတ်ပါပြီ. . သမီးရယ်၊ သမီးကိုပြောင်ပြသွားတဲ့ အဲဒီကောင်လေးရဲ့ကားကို မေကြီးအမီလိုက်ပြီး ပြန်ကျော်ပေးမယ်နော်၊ အဲဒီအခါကျမှ သမီးပြန်ပြောင်ပြလိုက်ပေါ့ ဟုတ်လား"

"ပေ့း. . ဒါမှ တို့မေကြီးကွ"

ထက်ပိုင်က လီဗာကိုနင်းကာ အရှိန်မြှင့်လိုက်သည်။

ဇနီးဖြစ်သူကတော့ အထိတ်တလန့်ပုံစံဖြင့်. .

"ဖြည်းဖြည်းမောင်းပါမောင်ရယ်၊ မောင်ကလည်း ကလေးမြှောက်ပေးတိုင်း လုပ်နေပြန်ပြီ၊ သမီးကလည်းနော် တော်တော်ခက်နေပြီ. . ."

"တိတိ. ."

ထက်ပိုင်က အရှိန်ဖြင့် ကားတစ်စီးကို ကျော်တက်ရန် ကြိုးစား၏။ ဟွန်းနှစ်ချက်တီးလိုက်ပြီး ကားခေါင်းကိုဆွဲအထုတ်. . ။

"ဟာ. . ဟာ. . ဒီကား ဘာလုပ်တာလဲ"

"ဝေါ!. . ကျွီ!. . ကျွီ!"

"အို. . အမယ်လေး"

ရှေ့ကားက သူတို့ကျော်တက်ရာဘယ်ဘက်သို့ ယိမ်းပြီးပါလာသည်။ ထက်ပိုင် ဘရိတ်ကိုနင်း၍ စီယာတိုင်ကို ညာဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ဆွဲကွေ့ချလိုက်၏။

"ဝေါ်. . ကျွီ!!. . "

တာယာနှင့် ကတ္တရာလမ်း ပွတ်တိုက်သံနှင့်အတူ ရာဘာ ညှော်နံ့ကို ထောင်းခနဲရလိုက်၏။ ထိုစဉ်မှာပင်. .

"တီ. . တီ. . တီတီ. . "

"ဟာ. . "

"ဒုန်း!. . ဝုန်း!. . ချွမ်း!. . ချွမ်း!. . ဝုန်း!!. . "

နောက်မှ အရှိန်ပြင်းစွာမောင်းလာသော ကားက ထက်ပိုင် တို့ကားကို ဝင်တိုက်လေပြီ။

ကျယ်လောင်သော မြည်ဟည်းသံကြီးနှင့်အတူ ကားတစ်စီး လုံး နှစ်ပတ်သုံးပတ်ခန့် လည်ထွက်သွား၏။

ဇနီးနှင့်သမီးတို့၏ ငယ်သံပါအောင် အော်လိုက်သောအသံ ကို ကြားလိုက်ရအပြီးမှာတော့ ထက်ပိုင်တစ်ယောက် ဘာမှမသိ တော့. . ။ အရာရာ အမှောင်အတိ ကျခဲ့ရရှာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

ဆေးရုံ၏ Intensive Care Unit အဝင်ဝမှာပင် ဒေါက်တာဦးကျော်ဇေယျကို တွေ့လိုက်ရ၍ 'လရိပ်ပြာ'အားတက်သွားကာ ကမန်းကတန်း လှမ်းခေါ်လိုက်သည်။ မိသားစုနှင့်ရင်းနှီးသည့် ဆရာဝန်ဖြစ်နေ၍လည်း ယခုကဲ့သို့ ခေါ်ရခြင်းဖြစ်သည်။

"အန်ကယ်. . အန်ကယ်. ."

လရိပ်ပြာ၏ခေါ်သံကြောင့် ဦးကျော်ဇေယျ လှည့်ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိန်းထားသည့် ကြားထဲက လရိပ်ပြာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

ဒေါက်တာက သူမ၏ပခုံးကို ခပ်ဖွဖွ တစ်ချက်ဆုပ်ကိုင်ရင်း. .

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ သမီးရယ်"

ပြောရင်း. . လေးလံသောခြေလှမ်းများဖြင့် ဒေါက်တာဦးကျော်ဇေယျ ထွက်သွားလေတော့သည်။ သူမလည်း မျက်ရည်သုတ်ရင်း ကော်ရစ်ဒါအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"သမီး လရိပ်"

အသံလာရာဆီ လှည့်အကြည့်. .

"ဟာ. . အန်တီအေး"

"လာ. . လာ မောင်ထက်ပိုင် သတိရနေပြီ"

"ဟင်. . ဟုတ်လား. . "

အဒေါ်ဖြစ်သူ အန်တီအေးဆွဲခေါ်ရာသို့ လရိပ်ပြာ လိုက်ပါလာခဲ့သည်။ သူ့အစ်ကို သတိပြန်လည်လာပြီဆို၍ သူမရင်ထဲ မျှော်လင့်ချက်တို့ ရှင်သန်သွားသည်။

သီးသန့်လူနာခန်းထဲရောက်တော့ အမှန်တကယ်ပင် ထက်ပိုင်က သတိရနေလေပြီ။ သို့သော် နှာခေါင်းမှာတော့ အောက်ဆီဂျင်ပိုက်ကို တပ်ဆင်ထားဆဲ. .

ထက်ပိုင်တစ်ကိုယ်လုံး၌ ပတ်တီးတွေအပြည့်နဲ့မို့ သူမစိတ်မကောင်းဖြစ်မိတာတော့ အမှန်ပင်. .

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ထိန်းထားသည့် ကြားထဲက လရိပ်ပြာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

ဒေါက်တာက သူမ၏ပခုံးကို ခပ်ဖွဖွ တစ်ချက်ဆုပ်ကိုင်ရင်း. .

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ သမီးရယ်"

ပြောရင်း. . လေးလံသောခြေလှမ်းများဖြင့် ဒေါက်တာဦးကျော်ဇေယျ ထွက်သွားလေတော့သည်။ သူမလည်း မျက်ရည်သုတ်ရင်း ကော်ရစ်ဒါအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"သမီး လရိပ်"

အသံလာရာဆီ လှည့်အကြည့်. .

"ဟာ. . အန်တီအေး"

"လာ. . လာ မောင်ထက်ပိုင် သတိရနေပြီ"

"ဟင်. . ဟုတ်လား. . "

အဒေါ်ဖြစ်သူ အန်တီအေးဆွဲခေါ်ရာသို့ လရိပ်ပြာ လိုက်ပါလာခဲ့သည်။ သူ့အစ်ကို သတိပြန်လည်လာပြီဆို၍ သူမရင်ထဲ မျှော်လင့်ချက်တို့ ရှင်သန်သွားသည်။

သီးသန့်လူနာခန်းထဲရောက်တော့ အမှန်တကယ်ပင် ထက်ပိုင်က သတိရနေလေပြီ။ သို့သော် နှာခေါင်းမှာတော့ အောက်ဆီဂျင်ပိုက်ကို တပ်ဆင်ထားဆဲ. .

ထက်ပိုင်တစ်ကိုယ်လုံး၌ ပတ်တီးတွေအပြည့်နဲ့မို့ သူမစိတ်မကောင်းဖြစ်မိတာတော့ အမှန်ပင်. .

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ယူကျုံးမရစွာ ပြေးဖက်မိသည်။

"ဆရာဝန် သွားခေါ် လိုက်အုံးမယ် လရိပ်"

အန်တီအေး အခန်းထဲမှ ပြန်ပြေးထွက်သွား၏။

သိပ်မကြာလိုက်. . ဒေါက်တာဦးကျော်ဇေယျ ရောက်လာကာ စမ်းသပ်အပြီး. . .

"အခြေအနေ ကောင်းပါတယ်၊ အခု အိပ်ဆေးထိုးပေးထားတယ်၊ သူနှစ်နှစ်ခြိုက်ခြိုက် ထပ်အိပ်ဖို့လိုတယ်၊ သုံးနာရီလောက်တော့ အသာလေး အိပ်ပျော်နေလိမ့်မယ်၊ နိုးလာရင် အားလုံး ပုံမှန်ဖြစ်သွားမှာပါ"

ထိုအခါကျမှ အားလုံးရင်ထဲ 'ဟင်း'ခနဲ သက်ပြင်းကိုယ်စီချနိုင်တော့သည်။

ထက်ပိုင်ကတော့ အိပ်ဆေးထိုးပြီးသည်နှင့် ပြန်လည်အိပ်ပျော်သွားခဲ့လေပြီ။

ဇနီးသည်နှင့် တစ်ဦးတည်းသောသမီးလေး၏ အခြေအနေကို ထက်ပိုင် မသိသေး. . . ။ မေးလာလျှင် ဘယ်လိုပြောရမလဲကို လရိပ် တွေးနေမိသည်။

ကားတိုက်မှုကြောင့် ဦးခေါင်းခွံအက်ကွဲခြင်း၊ ဘယ်ခြေထောက် အရိုးအက်သွားခြင်း၊ ခါးဆစ်ရိုး၌ ပြင်းထန်စွာထိခိုက်မိခြင်းတို့ကြောင့် အတော်အတန်ကြာသည်အထိ လူကောင်းတစ်ယောက်လို နေထိုင်သွားလာနိုင်မည်မဟုတ်. . ။

သူ ချစ်မြတ်နိုးရသော ဇနီးနှင့် ရင်သွေးဆုံးရှုံးရသောလူတစ်ယောက်၏ ခံစားချက်သည်လည်း ဘယ်နည်းနဲ့မှ သာယာ



www.burmeseclassic.com

www.burmeseclassic.com



ချိုမြိန်နိုင်လိမ့်မည်မဟုတ် . . ။

ထိုအချက်တွေကို တွေးမိသော လရိပ်ပြာသည် အစ်ကိုဖြစ်သူအတွက် ယူကျုံးမရစွာဖြင့် အသံတိတ် ရှိုက်ငိုနေမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

"တိ . . တိ . . ဝုန်း . . ဒုန်း . . "

"အား . . "

ထက်ပိုင် နားနှစ်ဖက်ကိုစုံပိတ်၍ အသံကုန်အော်ပစ်လိုက်သည်။ ထိုမြင်ကွင်းက ဘယ်တော့မှမေ့ပျောက်လို့ ရနိုင်မည်မဟုတ်တော့ . .

"ကိုထက် . . ကိုထက် . . "

မျက်လုံးဖွင့်ကြည့်တော့ သူ့ကို စိုးရိမ်တကြီး ဆုပ်ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော လရိပ်ကို တွေ့လိုက်ရသည်။

"ဟင်. . ညီမလေး၊ သက်နဲ့ သမီးလေးကော. ."

လရိပ်ပြာ ပြောမထွက်သော်လည်း ပြောလိုက်ရသည်။

"နှစ်ယောက်လုံး. . ဆုံးပြီ အစ်ကို"

ထက်ပိုင် ငြိမ်ကျသွားကာ ပြူတင်းပေါက်ဆီသို့ အတန်ကြာ ငေးစိုက်ကြည့်နေ၏။ ထို့နောက် ကြီးမားသော ခံစားချက်တစ်ရပ်ကို ဘာမှမဖြစ်သလို ဟန်ဆောင်မျိုသိပ်ရင်း. . .

"ဖြစ်သွားမှတော့ ဘယ်တတ်နိုင်ပါ့မလဲကွာ ဘယ်သူက ရော ဖြစ်ချင်ကြမှာလဲ၊ ကံတရားရဲ့ ပြဋ္ဌာန်းချက်လို့ပဲ သတ်မှတ်ရ တော့မှာပေ့ါ၊ ငိုနေလို့ကော ဘာထူးတော့မှာလဲ ညီမလေးရယ်"

ထက်ပိုင် သက်ပြင်းကို ခပ်တိုးတိုးချလိုက်ရင်း. . .

"သက်နဲ့သမီးလေးက အခုထိ ကိုထက် အနားမှာရှိနေတုန်း ပဲ လရိပ်"

"ဟင်!. ."

လရိပ် ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားကာ တကိုယ်လုံးလည်း ကြက်သီးမွေးညင်းများ ထောင်ထသွား၏။ အစ်ကို့စကားတွေအပေါ် ဘယ်လိုနားလည်ရမှန်းလည်း မသိတော့. .

"လရိပ်. . အဖေကော"

"အဖေ သက်သာပါတယ်၊ လရိပ်က. . ကိုထက်သက်သာ တဲ့အထိ ဒီမှာနေပေးမှာ၊ ကိုထက် အနားယူဖို့လိုနေပြီ"

ထက်ပိုင်က ခေါင်းကို သွင်သွင်ခါပြ၏။

"အိပ်ရေးဝနေပါပြီ လရိပ်ရယ်၊ ပြန်လည်းမအိပ်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com


ဘူး၊ ဖြစ်နိုင်ရင် တသက်လုံး မအိပ်ပဲနေလိုက်ချင်တယ်၊ အိပ်ပျော်သွားမှာကို ကြောက်မိတယ်၊ အိပ်ပျော်သွားတိုင်း အိမ်မက်တွေမက်နေတယ်၊ ဒီအိမ်မက်တွေ ထပ်မမက်ချင်တော့ဘူး"

"ဘယ်လိုအိပ်မက်မျိုးလဲ ကိုထက်"

ထက်ပိုင်က သူ၏အိပ်မက်ဆန်းကို လရိပ်အား ပြောပြအပြီး. .

"ဒါ. . ဒါဆို တစ်ရွာလုံး သေကုန်ကြတာပေါ့"

"ဟုတ်တယ် လရိပ်. . ၊ အဲဒီမြွေသားမစားတဲ့ လူကြီးတစ်ယောက်ပဲ ကျန်ခဲ့တာ"

"အဲဒီ့နောက်ကော ဘာတွေဆက်မက်သေးလဲ ကိုထက်"

"ဟင့်အင်း. . ဒီမှာတင် လန့်နိုးတာပဲ၊ အိပ်မက်ဆိုပေမယ့် ထင်ထင်ရှားရှား ပီပီပြင်ပြင်မက်တာ. . တကယ်ဖြစ်နေသလိုမျိုးကြီး၊ ဘာအဓိပ္ပါယ်မှန်းလည်း နားမလည်ဘူး"

"ခြောက်အိပ်မက်တွေပါ ကိုထက်ရယ်. . မေ့ထားလိုက်ပါနော်"

အစ်ကိုဖြစ်သူကို စိတ်ပြောင်းရန် စကားလမ်းကြောင်းလွှဲ၍ လေးဆင့်ချိုင့်ကိုဖြုတ်ကာ ဟင်းချိုင့်များကို တစ်ချိုင့်ချင်း ချနေလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

"ပတ်တီးဖြည်ပြီးရင် ကောင်းသွားမှာပါ"

ဒေါက်တာက အားပေးစကားပြောသော်လည်း ထက်ပိုင်မှာ ဆေးရုံက ခုပင်ဆင်းချင်နေပြီဖြစ်သည်။ သို့သော်. . ခန္ဓာကိုယ်အပေါ်ပိုင်း ဒဏ်ရာသက်သာသော်ငြား ခြေထောက်ဒဏ်ရာက မသက်သာသေး။ ချိုင်းထောက်ကိုအသုံးပြု၍ သွားလာနေရသည်။

သူ့လက်တွင်ရှိနေသေးသော မဟူရာလက်စွပ်ကို ပွတ်



www.burmeseclassic.com

www.burmeseclassic.com



သပ်ရင်း ကြည့်နေမိသည်။ ယခုလိုဖြစ်ခဲ့ရသော အဖြစ်ဆိုးသည် ဤလက်စွပ်နှင့်များ ပက်သက်နေသလား။ မဝံ့မရဲ အတွေးတစ်ခုက သူ့စိတ်ထဲ စတင်ဝင်ရောက်လာခဲ့သည်။

သို့သော် သူက ဤသို့အယူသည်းသူမဟုတ်. . ၊ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်ရသော ကံအကြောင်းတရားတစ်ခုသာ ဖြစ်မည်။ အတိတ်ဘဝဝဋ်ကြွေးကြောင့် မိသားစုတွေ သေကွဲ,ကွဲရခြင်းဟုသာ တွေးမိသည်။

"ကိုထက် ဒါလေး. . စား. ."

လရိပ်ပြာလှမ်းပေးသော ပူတင်းဗူးလေးကို ယူသာယူလိုက်ရသော်လည်း စားချင်စိတ်က မရှိ၊ ဘဖက်သား စိတ်ချမ်းသာစေရန်အတွက်သာ စားလိုက်ရသည်။

ထိုစဉ်. .

"ဟင်. . ဟင်း. . ဟင်း. . ဟင်း"

ညည်းသံကြီးတစ်ခု ကြားရလေသည်။

အသံက လူနာတစ်ယောက်၏ ညည်းသံဆိုတာထက် သေအံ့မူးမူး တိရစ္ဆာန်ရိုင်းတစ်ကောင်၏ ဗလုံးဗထွေး ညည်းသံမျိုးဖြစ်သည်။ တနည်းအားဖြင့် ဝေဒနာကို မခံမဆန့်ခံနေရသော အသံမျိုး. .

"လရိပ် ကြားလိုက်သလား"

"ဘာကိုလဲ ကိုထက်"

"လူတစ်ယောက် ညည်းနေတဲ့အသံကြီး"

"ဟင့်အင်း. . ဘာသံမှမကြားဘူး"



www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ်. .

"အီး. . ဟင်း. . ဟင်း. . ဟင်း"

အသံဆိုးကြီးက ထပ်မံထွက်ပေါ်လာပြန်သည်။

"ဟော. . ကြားရပြန်ပြီ၊ ကြားလား. . လရိပ် ကြားလိုက်လား၊ ဒါ မိန်းမတစ်ယောက် ညည်းလိုက်တဲ့အသံကြီး၊ ဘေးခန်းက များလား လရိပ်"

အသံက ပီပီသသကြားလိုက်ရ၍ မေးလိုက်သော်လည်း လရိပ်က ခေါင်းခါပြ၏။

"ဘာအသံမှ မကြားပါဘူး၊ ကိုထက် စိတ်ထင်လို့ ဖြစ်မှာပါ၊ ပြီးတော့ ကိုထက်အခန်းက ထောင့်ဆုံးအခန်း၊ ဘေးမှာ ခာတ်လှေကားပဲ ရှိတော့တယ်"

"ဟာ. . မဟုတ်သေးပါဘူး. . နှစ်ခါရှိပြီ သေသေချာချာ ကြားရတာပါ"

"ဪ. . ကိုထက်ရယ်၊ ကြားရင်လည်း ကြားရမှာပေါ့. . ဒါကဆေးရုံလေ၊ ဆေးရုံဆိုတာ လူနာတွေရှိတာပဲ. . ဝေဒနာခံစားနေရတဲ့ ရောဂါသည်တစ်ယောက်ယောက်က နာလို့ ညည်းနေတာလည်း ဖြစ်မှာပေါ့၊ ဘာဆန်းလို့လဲ. . "

"အင်းလေ. . လရိပ်ပြောတာလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် လရိပ်ကကော ဘာလို့မကြားရတာလဲ၊ တကယ်ဆို တို့နှစ်ယောက်စလုံး ကြားသင့်တာ"

သည်တစ်ခါတော့ လရိပ်ပြာဆီက တုန့်ပြန်သံ ထွက်မလာခဲ့၊ သနားစရာ လူတစ်ယောက်အဖြစ် ငေးစိုက်ကြည့်နေသော သူမ


www.burmeseclassic.com

www.burmeseclassic.com



၏ မျက်ဝန်းနက်နက်များကိုသာ တွေ့လိုက်ရ၏။

ဘာမှစဉ်းစားမနေတော့ဘဲ ချိုင်းထောက်လှမ်းယူကာ လမ်းလျှောက်ကြည့်သည်။ သို့သော် ခြေထောက်က နာနေဆဲ. .

"လရိပ်. . ဓာတ်ပုံပါလား"

လရိပ်လှမ်းပေးသော ဓာတ်ပုံလေးတစ်ပုံ သူ့လက်ထဲ ရောက်လာခဲ့သည်။

ထိုဓာတ်ပုံကိုကြည့်ရင်း ထက်ပိုင် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားတော့သည်။ ချစ်ဇနီးနှင်းသက်က သမီးလေးပါးကို နမ်းနေသောပုံဖြစ်၏။

"ကိုထက် အဆင်ပြေရဲ့လား"

"အင်း. . ပြေပါတယ်"

"ချွင်!. . ချွင်!. . ချွင်!. . "

စေတီပုထိုးမှ ခေါင်းလောင်းများ၏ အသံအလား ကြားလိုက်ရသည်။

"ဟင်. . "

တံခါးပေါက်ဝတွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသည်။ လူက သာမန်လူတော့မဟုတ်. . တစ်ကိုယ်လုံး မီးလောင်ကျွမ်းထားသလို မည်းတူးနေ၏။ တချို့နေရာများတွင် အပေါ်ယံအရေပြားများ လန်ကာ သွေးသံရဲရဲဖြစ်နေလေသည်။

ကြောက်မက်ဖွယ် ငရဲသားတစ်ယောက်နှင့်အသွင်တူ၏။

ကြည့်နေရင်း ထိုငရဲသားက အခန်းထဲပြေးဝင်လာကာ. . ခုတင်ပေါ်တွင် တက်ခုန်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား!. . သွား. . သွား. . မလာနဲ့. . ထွက်သွား"

ခုတင်ကို လက်ညှိုးထိုးကာ အော်နေသော ကိုထက်အား ကြည့်ရင်း လရိပ်က. .

"ဟင်. . ကိုထက် ဘာဖြစ်လို့လဲ၊ ဒူးတွေလည်းတုန်နေပါ သား၊ ခုတင်ပေါ်မှာ ဘာရှိလို့ လက်ညှိုးထိုးနေရတာလဲ"

"ဟိုမှာ. . ဟိုမှာ သ. . သရဲ. . ခု. . ခုတင်နားမသွားနဲ့ လရိပ်"

သူညွှန်ပြရာသို့ လရိပ်ကြည့်လိုက်သည်။ ခုတင်က တုတ် တုတ်ပင်မလှုပ်. .။ အခန်းထဲ အရာရာသည် ပကတိအတိုင်း တည် ငြိမ်နေ၏။ ထက်ပိုင်တစ်ယောက်တည်း မြင်နေရခြင်းဖြစ်သည်။ သူ့ ခကိုယ်လုံးလည်း ဇောချွေးများဖြင့် ရွဲစိုလာ၏။

"ကိုထက် စိတ်ထိန်းပါအုံး၊ ဘာတွေ ကယောင်ကတမ်းနဲ့ လျှောက်ပြောနေတာလဲ၊ ခုတင်ပေါ်မှာ ဘာမှမရှိဘဲနဲ့"

"ဟင်"

အံ့သြစရာပင်၊ အခုတစ်ကြိမ် လှည့်ကြည့်လိုက်တော့ ဘာမှ မရှိတော့၊ မီးကျွမ်းထားသော ငရဲသားကိုလည်း မတွေ့တော့၊ တ ဆက်တည်း ထိတ်လန့်ဖွယ် အော်သည်းသံကြီးလည်း ပျောက်သွား တော့သည်။

"အရှင်းကြီးတွေ့လိုက်ရတာ လရိပ်"

"အိုး. . ကိုထက်ကလည်း ခက်တော့တာပဲ"

လရိပ်ပြာပြောတော့လည်း ဟုတ်နေပြန်သည်။

ဆေးရုံဆိုတာ လူပေါင်းစုံ သေဆုံးခဲ့သည်မို့ မကျက်မလွတ်



www.burmeseclassic.com

www.burmeseclassic.com



သော ပရလောကသားများလည်း ရှိကြပေလိမ့်မည်။

အကြောင်းတစ်ခု တိုက်ဆိုင်၍. . ပရလောကသားတစ်ယောက်ကို သူ့အစ်ကို တွေ့လိုက်ခြင်းဖြစ်ပေမည်ဟု လရိပ် သုံးသပ်မိသည်။

သို့သော် ထက်ပိုင်ပြောပြသော နောက်ဆက်တွဲအကြောင်းအရာကြောင့် လရိပ်ပြာ ခေါင်းရှုပ်သွားရသည်။ စဉ်းစားတွေးတောစရာလည်း ဖြစ်လာခဲ့ရ၏။ ထက်ပိုင်က. .

"အဲဒီအကောင်ကြီးက တကိုယ်လုံး မီးလောင်ထားတယ် လရိပ်၊ ကိုထက် အိပ်မက်ထဲမှာ မြင်ခဲ့ရတဲ့ လူတွေပုံစံအတိုင်းပဲ"

"ဟို. . လောင်မီးကျသွားတဲ့ ရွာပျက်ကြီးကို ပြောတာလား ကိုထက်"

"ဟုတ်တယ် အဲဒီအိပ်မက်ထဲကအတိုင်းပဲ၊ ဒါတွေဟာ တစ်ခုခုတော့ ဆက်စပ်နေပြီ၊ အကြောင်းမဲ့ မဟုတ်လောက်ဘူး"

သူတို့နှစ်ယောက်ကြားမှာ စကားသံတွေ တိတ်သွားတော့သည်။ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်သွားကြခြင်း ဖြစ်၏။ စိတ်ကယောက်ကယက်ဖြစ်ပြီး ထင်မြင်သည်ဆိုတာထက် လျှို့ဝှက်နက်ရှိုင်းသော အကြောင်းရာတစ်ခုက ပါဝင်ပတ်သက်နေချေပြီဟု လရိပ်ပြာစိတ်ထဲမှာ ကောက်ချက်ချနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

"အဝဟင့်. . အဟင့်. ."

ထက်ပိုင် နိုးသွားကာ စားပွဲတင်မီးအိမ်ခလုတ်ကို ဖွင့်လိုက်သည်။ နာရီကြည့်တော့ (၁၂)နာရီ (၄၅)မိနစ်ရှိနေပြီ။ အသံက မိန်းမတစ်ယောက်၏ ငိုနေသောအသံဖြစ်၏။ ကုတင်ဘေးမှ ချိုင်းထောက်ကိုအားပြု၍ ထက်ပိုင် ထရပ်လိုက်သည်။

အခန်းထဲ ဘယ်သူမှမရှိသော်လည်း ငိုသံကို ကြားနေရဆဲ. .။ အခန်းတံခါးဖွင့်ကာ ကော်ရစ်တာထွက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေကာ. . လူတစ်ယောက်မှမရှိ. . .

"အဟင့်. . အဟင့်. . "

ငိုသံက ဆေးရုံ၏ ကော်ရစ်တာတစ်လျှောက် ပဲ့တင်ထွက်လာလေပြီ။ ထက်ပိုင်ရင်ထဲ တလှပ်လှပ် တုန်လှုပ်နေသည်။

အကြောင်းရင်းက ထိုအသံသည် သူ့ဇနီးနှင်းသက်ခိုင်အသံနှင့် တူနေသောကြောင့် ဖြစ်သည်။

"အဟင့်. . အဟင့်"

"မောင်. . . "

တိုးညင်းသော ခေါ်သံတစ်ခုကို ထပ်ကြားလိုက်ရသည်။

"သက်. . သက်လားဟင်၊ သက်. . ဘယ်မှာလဲ"

ချိုင်းထောက်အားကိုးဖြင့် အသံလာရာဆီ ဆက်လျှောက်လာခဲ့သည်။ တုန့်ပြန်သံကိုတော့ မကြားရသေး. . ။

ကော်ရစ်တာ မှောင်ရိပ်တစ်နေရာမှ လက်တစ်ဖက်ကို လှမ်းမြင်လိုက်ရသည်။ ထိုလက်သည် ကြမ်းပြင်ပေါ်သို့ ထောက်ထားခြင်းဖြစ်သည်။ ငိုနေသောအသံက ထိုနေရာမှ ထွက်ပေါ်နေဟန်တူ၏။

အနားအရောက်. . . ကော်ရစ်တာမှာ အမျိုးသမီးတစ်ယောက် လဲနေတာ ဖြစ်နေသည်။ ထိုအမျိုးသမီး တဖြည်းဖြည်းခေါင်းမော့လာသည်တွင်. . .

"ဟင်. . သက်"

"သက်. . သက်နဲ့ သမီးလေးကို ကယ်ပါအုံးမောင်ရယ်"

ကြည့်နေရင်းက ထိုအမျိုးသမီးမျက်နှာမှာ ရုတ်ချည်းပြောင်းလဲသွားကာ ကြောက်စရာကောင်းလှသော တစ္ဆေသရဲမျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့သည်။

"အား!. . ."

ထက်ပိုင်လည်း ကြောက်ကြောက်နှင့် ထိုနေရာမှ ပြန်ပြေးရတော့သည်။ ချိုင်းထောက်နှင့် မပြေးရုံတမယ် အခန်းပြန်သွားနေရသည်။

ထိုစဉ် အခန်းတစ်ခန်းမှ အဖွားကြီးတစ်ယောက် ထွက်လာလေရာ ထက်ပိုင် ခြေလှမ်းတို့ ရပ်လိုက်ရသည်။

ထွက်လာတာက အခန်းတံခါးကို ဖောက်ပြီး ဖြတ်၍ထွက်လာခြင်း ဖြစ်သည်။

တဟင်းဟင်း. . ညည်းသံပေးရင်း ထိုအဖွားကြီးက ပတ်ခန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်သည်။ ထို့နောက်. . သူကြည့်နေတာကို မြင်သွားသဖြင့် စကြံန်လမ်းအတိုင်း သူ့ဆီလျှောက်လာနေသည်။

ထက်ပိုင် ရှေ့တိုးရခက် နောက်ဆုတ်ရခက်နေခိုက်. .

"ဝုန်း!. ."

ထိုအဖွားကြီးထွက်လာသော အခန်းတံခါးက ဝုန်းခနဲပွင့်သွားကာ အတွင်းမှ အသက်လေးဆယ်အရွယ်ခန့် အမျိုးသမီးတစ်ဦး ပြေးထွက်လာလေသည်။ သူမက ငိုရှိုက်နေရင်းမှ အသံကျယ်ကြီးဖြင့်. .

"လာကြပါအုံး. . ဆရာမရေ၊ မြန်မြန်လာပါအုံး အမေခေါ်လို့ မရတော့ဘူး"

ရုတ်တရက်ထွက်ပေါ်လာသော ထိုအမျိုးသမီးအသံကြောင့်

www.burmeseclassic.com



သူ့ဆီလာနေသောအဖွားကြီး ရပ်သွားကာ အံ့ဩနေလေသည်။

အော်သံကြောင့် တာဝန်ကျဆရာဝန်နှင့် သူနာပြုများ ပြေးလာကြသည်။

"လာကြပါ. . မြန်မြန်လာကြပါ၊ ကျွန်မအမေ မလှုပ်တော့ဘူး၊ အသက်ရှူသံလည်း မကြားရတော့ဘူး၊ အမေ. . အမေ ဆုံးပြီနဲ့တူပါတယ်. . အဟင့်. . ဟင့်"

• အဖွားကြီးမှာ နားမလည်သော အမူအရာဖြင့် သူ့အခန်းဆီပြန်ရွေ့လျားသွားလေတော့သည်။ ထိုစဉ် အခန်းထဲမှထွက်လာသော ဆရာဝန်က ခေါင်းယမ်းပြလိုက်သဖြင့်. . .

"အမလေး. . အမေဆုံးပြီပေါ့၊ အင်း. . ဝဋ်ကျွတ်သွားပြီပေါ့အမေရယ်၊ သမီးတို့ကို ဒုက္ခပေါင်းသောင်းခြောက်ထောင်နဲ့ ထားခဲ့ပြီပေါ့၊ အဟီး. . ဟီး. . အဟင့်. ."

ဆေးရုံဝန်ထမ်းနှစ်ယောက်က အဖွားကြီး၏ရုပ်အလောင်းကို တွန်းလှည်းပေါ် တင်ကာ တွန်းလာခဲ့သည်။ စောစောက အပြင်၌ ရပ်နေသော အဖွားကြီးမှာ တွန်းလှည်းပေါ်မှ အလောင်းကိုကြည့်ရင်း မျက်လုံးပြူး၍ ကျန်ခဲ့၏။

ထက်ပိုင်လည်း အဖြစ်အပျက် အားလုံးကိုတွေ့နေရ၏။

အဖွားကြီးက. . ငိုနေသောသူ့သမီးဘေးတွင် ရပ်နေလေသည်။ သူတို့ရှေ့မှ အမြန်ဖြတ်လျှောက်ကာ. . အခန်းပြန်လာခဲ့သည်။

သူ ဘာလို့ ထိုအရာတွေကို မြင်နေရတာလဲ. . ။ အသံတွေကော ဘာကြောင့်ကြားနေရတာလဲ. . ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပြောရလျှင် ထက်ပိုင်သည် ဘဝကို အေးချမ်းစွာ ဖြတ်သန်းလိုသည်။ အခုတော့ ပျော်ရွှင်သော သူ့မိသားစုဘဝလေး ပျက်စီးခဲ့ရချေပြီ။ သူ့အနာဂတ်သည်လည်း ကံကြမ္မာဆိုး၏ ရိုက်ချက်ကြောင့် အပိုင်းပိုင်းအတစ်တစ် လဲပြိုခဲ့ရပြန်ပြီ။

လွန်ခဲ့သောတစ်လခန့်က. . စာအုပ်တစ်အုပ်ကို တစ်ပိုင်းတစ်စ သူဖတ်ခဲ့ရသည်။ စာအုပ်အမည်က" Death Bed Observations " ဟူ၍ဖြစ်သည်။ သေအံ့မူးမူး လူနာများမှ တွေ့ရှိချက်ဆိုသည့်အတိုင်း အာရုံနိမိတ်ဆိုးများအကြောင်းကို သူဖတ်ရှုခဲ့ရသည်။

ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်လက်ခံသော ပုဗ္ဗနိမိတ်၊ ခုဒ္ဒကနိမိတ်တို့နှင့် သဘောတရားချင်း နီးစပ်လှ၏။ သေခါနီးလူတစ်ယောက်သည် သေလွန်ပြီးသောသူများ၊ နာနာဘာဝများကို မြင်တွေ့ရတတ်သည်။ သို့သော် ကောင်းမှုကုသိုလ်များသောသူ မဟုတ်ဘဲ အကုသိုလ်များသူများသည်သာ ထိုသို့နိမိတ်ဆိုးများကို တွေ့ရတတ်သည်ဟု ဆိုထားသည်။

သူသည်လည်း ယခုကဲ့သို့ မမြင်အပ်သောအရာများကို မြင်နေရသည်၊ မကြားအပ်သော အရာများကို ကြားနေရသည်မှာလည်း သေအံ့မူးမူး လူနာတစ်ယောက် ဖြစ်နေ၍လား။

ထိုအတွေးက သူ့အား ဒုက္ခပေးကာ ခြောက်လှန့်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၀)

လရိပ်ပြာက ထက်ပိုင်ကို ဖေးမ၍ ခုံပေါ်သို့ ထိုင်စေသည်။ တဟူးဟူး တိုက်ခတ်နေသော လေပြည်ကြောင့် ထက်ပိုင်၏ အာရုံတို့ လန်းဆန်းလာခဲ့သည်။ နေရောင်ခြည်ကိုလည်း အခုမှခံစားရသည်မို့ . . .

"ကျေးဇူးပဲ ညီမလေး. . အလုံပိတ်အခန်းထဲမှာပဲ နေနေရတာ. . အခုမှပဲ ကောင်းလေသန့် ရှူရတော့တယ်"


www.burmeseclassic.com

www.burmeseclassic.com


"အခု ခေါင်းထဲမှာ ရှင်းသွားတယ်မဟုတ်လား ကိုထက်၊ သိပ်မကြာတော့ပါဘူး လမ်းပြန်လျှောက်နိုင်တော့မှာပါ"

ထက်ပိုင် ခေါင်းညိတ်ပြရင်း ခပ်ယဲ့ယဲ့ ပြုံးပြသည်။ တဒင်္ဂ အားဖြင့်တော့ စိတ်လက်ပေါ့ပါး၍ လန်းဆန်းသွားသည်။ သို့သော် တဒင်္ဂသာ. . .

ထိုပန်းခြံလေးထဲ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ရင်း လျှောက်လာသော စုံတွဲများ၊ အော်ဟစ်ဆော့ကစားနေကြသော ကလေးငယ်များ၊ မိသားစုလိုက် ဝိုင်းဖွဲ့စားသောက်နေကြသော မြင်ကွင်းများက. . သူ၏ တက်ကြွလန်းဆန်းမှုကို ရပ်တန့်သွားစေခဲ့သည်။

'မိသားစု'ဟူသော အတွေးတစ်ချက်ကပင် သူ့ရင်ကိုဆွဲခါ လှုပ်ယမ်းစေခဲ့သည်။ ငုံထားမတတ် ချစ်ရသောသမီးလေး အစစအရာရာ ပါရမီဖြည့်ပေးခဲ့သော ဇနီးသည်တို့ကို မျက်လုံးထဲပြန်ပေါ်လာ၏။

နေခြည်လာ၍ ကွယ်ပျောက်ခဲ့ရသော နံနက်ခင်းနှင်းစက်များလို ထက်ပိုင်၏ ရွှင်မြူးတက်ကြွမှုတွေကလည်း တဒင်္ဂသာရှိလိုက်သည်။ မတွေးချင်သော အတွေးက ဝင်လာဆဲ၊ မမြင်ချင်သော အာရုံတို့က ပြန်မြင်လာဆဲ. . .

ထို့ကြောင့် အာရုံပြောင်းနိုင်ရန် လရိပ်က. .

"ကိုထက် အအေးသောက်မလား"

"ကောင်းသားပဲ"

"ဒါဆို. . ခဏစောင့်နော်၊ လရိပ် ပြေးဝယ်လိုက်အုံးမယ်"


www.burmeseclassic.com

www.burmeseclassic.com



လရိပ်ပြာက သွက်လက်စွာဖြင့် အပြေးတပိုင်းထွက်သွား၏။ သူမှာတော့ လက်ချောင်းများကို အကြောင်းမဲ့ချိုးရင်း ငေးနေလေသည်။

"ဟင်း:::::!!!. . ."

အနီးကပ် ကြားလိုက်ရသော သက်ပြင်းချသံတစ်ခုကြောင့် ထိတ်ခနဲဖြစ်ကာ လှည့်ကြည့်လိုက်၏။ အနားမှာ ဘယ်သူမှမရှိ၊ သူထိုင်နေသော ခုံဘေးတွင် သစ်ပင်ကြီးတစ်ပင်သာရှိနေသည်။ ဘာအပင်မှန်း ထက်ပိုင် သတိမထားမိ. . .

လူတစ်ယောက်၏ သက်ပြင်းချသံကို ပီပီသသကြီး ကြားလိုက်ရသော်လည်း လူကိုရှာမတွေ့၍ အံ့သြနေမိသည်။

ထိုစဉ်. . .

"ဂျွပ်!. ."

သစ်ကိုင်းခြောက်ကျိုးသည်အထင်နှင့် ထက်ပိုင် အပေါ်သို့ မော့ကြည့်လိုက်ရာ. . .

"အမလေး. . ."

ပိန်လှီခြောက်ကပ်၍ အရိုးပေါ်အရေတင်နေသော မိန်းမတစ်ယောက်က ကလေးငယ်တစ်ဦးကို ပွေ့ချီကာ. . သစ်ပင်ပေါ်မှ ငုံ့ကြည့်နေ၏။ ထက်ပိုင် ကြောင်ကြည့်နေစဉ် ထိုမိန်းမ အပင်ပေါ်မှ ဆင်းလာလေသည်။

သာမန်ရိုးကျ ဆင်းလာခြင်းမဟုတ်၊ ကလေးကိုကျောပိုး၍ အပင်ပေါ်မှ ဇောက်ထိုးဆင်းလာခြင်းဖြစ်သည်။

"ဟာ!. . ဟာ!. . မလာနဲ့. . မလာနဲ့. . သွား. . သွား"



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင် ထိုင်ခုံမှထ၍ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။ သူ့အော်သံကြောင့် အနီးအနားမှလူများက အထိတ်တလန့်ဖြစ်ကာ သူ့ကိုဝိုင်းကြည့်ကုန်သည်။

ဝုန်းခနဲ ထလိုက်မှုကြောင့် ခြေထောက်က မဟန်တော့ဘဲ ထက်ပိုင်တစ်ယောက် ခွေလဲကျသွား၏။

"အား!. ."

သူ လဲကျနေရာမှ ရှန်းထကာ အပင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။ သစ်ရွက်များအုံ့ဆိုင်းနေသည်ကလွဲ၍ အပင်ပေါ်တွင် ဘာမှမရှိတော့. .

"ကိုထက်. . ကိုထက် ဘာဖြစ်တာလဲ"

အအေးပုလင်းလေးကိုင်ကာ လရိပ်ပြာ အနားရောက်လာသည်။

"လရိပ်. . ငါတို့ ဒီကနေ ပြန်မှဖြစ်မယ်၊ ဒီနေရာမှာ သရဲ. . သရဲ တွေချည်းပဲ"

သို့နှင့် ဆေးရုံးသို့ပြန်လာခဲ့ကြသည်။

ထိုညကို ကျော်ဖြတ်ရမည့်အရေး တွေးမိရုံနှင့်ပင် ထက်ပိုင် ရင်မောမိသည်။ လရိပ်ပြန်သွားတော့ ဆေးရုံသီးသန့်ခန်းထဲ၌ သူ တစ်ယောက်တည်း ကျန်ခဲ့သည်။

သို့သော်. . ညကိုးနာရီအထိ ထူးခြားမှုကို မတွေ့သေး။ ထိုအချိန်ကျော်တော့မှ မမြင်ချင်သော မြင်ကွင်းတွေ စတွေ့ရတော့သည်။ ရှင်သူနှင့် သေသူကြားက စပ်ကူးမတ်ကူး ကာလလေးတစ်ခု၏ အမိပ္ပါယ်ကို ထက်ပိုင် တစထက်တစ ပိုပိုသိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် သေပြီးပြီးချင်းလူတစ်ယောက်၏ ဆောက်တည်ရာမဲ့ အခြေအနေတစ်ခုမှာ စိတ်ဝင်စားစရာလည်းကောင်းလှသလို ကြောက်လန့်စရာ၊ သံဝေဂရစရာလည်း ကောင်းလှ၏။

ထက်ပိုင်ကိုယ်တိုင်ပင် ကောင်းစွာနားမလည်သော ဖြစ်ရပ်တစ်ခုသည် ထိုညတွင် ထပ်မံကြုံတွေ့ခဲ့သည်။

"မောင်. . မောင်. ."

ဇနီးဖြစ်သူ နှင်းသက်ခိုင်၏ အသံဖြစ်နေသည်။

သူ အိပ်ယာမှ ထထိုင်လိုက်၏။ ထိုခဏ၌ သူ့ကိုယ်ပေါ်မှ တစ်ဝက်တစ်ပျက်ရှိနေသော ခြုံစောင်မှာ တစ်စုံတစ်ယောက် ဆွဲချလိုက်သလို လျှောခနဲပါသွားလေသည်။

"ဟာ. . ဘာဖြစ်တာလဲ"

ထင်ထင်ရှားရှား အထိတွေ့မို့ မျက်စိအမြင်မှားစရာလည်း မရှိ။ ခါးအထိခြုံထားသောစောင်က အခုတော့ ခြေရင်းကို ရောက်သွားပြီ။ အမြင်မှားတာတော့မဟုတ်. .

"အဟင့်. . ဟင့်. . ဟင့်"

ကုတင်ခြေရင်းမှ ထွက်ပေါ်လာသော ငိုရှိုက်သံကြောင့် သူ စိုးထိတ်သွားသည်။ မီးဖွင့်မည်ကြံပြီးမှ ခလုတ်က အလှမ်းဝေးနေ၍ ထိုစိတ်ကူးကို လက်လျှော့လိုက်ရသည်။ ကုတင်ခြေရင်းဘက်သို့ ကြောက်ကြောက်နှင့် လေးဖက်တွားသွားလိုက်သည်။ မှောင်မည်းနေသည်မို့ ကုတင်ခြေရင်းအောက်ခြေကို သေချာစွာမတွေ့ရသေး။

သို့သော်. . တစ်စုံတစ်ခုသည် ထိုနေရာတွင် ရှိနေ၏။ ထိုအရာက သူ၏ခြုံစောင်ပင်ဖြစ်သည်။ ထိုအရာက စောင်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



လာတော့သည်။

စောင်ထဲမှ တစ်ခုခုရုန်းထလာသလို၊ အကောင်တစ်ကောင် တိုးဝှေ့နေသလိုမျိုး ဖြစ်နေသည်။ ကြည့်နေရင်း စောင်အောက်မှ ထွက်လာသောအရာက ကုန်းကုန်းငှေးလေးငိုရှိုက်နေသော မိန်းမတစ်ယောက် ဖြစ်နေသည်။

"အဟင့် . . ဟင့်ဟင့် . . "

"ဟင် . . မင်း . . မင်း . . ဘယ်သူလဲ"

"မောင် . . မောင်ရယ်"

"ဟင် . . သက် . . သက်လား"

သက်ဆိုသော ထိုမိန်းမက ခေါင်းမော့ကြည့်လာသည်။ မျက်နှာအား အုပ်မိုးထားသော ဆံပင်ရှည် တစ်အုံတထွေးကြီးကို ခေါင်းတစ်ချက်ခါ၍ ဖယ်ရှားလိုက်သည်။ လှပချောမွတ်သော မျက်နှာဖွေးဖွေးလေးက အထင်းသားထွက်ပေါ်လာ၏။

"ဟင် . . သက် . . "

အိပ်မက်လေလား၊ တကယ်ပင်လား၊ ထင်ယောင်ထင်မှားလားဆိုတာ ဝေခွဲမရ။ သေသွားသည့်ဇနီးသည်ကို မြင်လိုက်ရသည်နှင့် စဉ်းစားမနေတော့ဘဲ ကုတင်ပေါ်မှဆင်းကာ ပွေ့ထူလိုက်စဉ် . .

"ဟာ! . . အမလေး"

သူ့မိန်းမမျက်နှာက ရုတ်ခြည်းကွဲအက်လာကာ . . အက်ကြောင်းများမှ သွေးများစီးကျလာသည်။ လှပသောမျက်နှာသည်လည်း ရုတ်ခြည်းပင် ကြောက်မက်ဖွယ်မျက်နှာအဖြစ်သို့ ပြောင်းလဲသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“အား . . မလာနဲ့ . . သွားသွား”

ထက်ပိုင် ကုတင်ပေါ် နောက်ပြန်ပြန်တက်ကာ အနီးရှိ ချိုင်းထောက်နှင့် ပစ်ပေါက်လိုက်မိ၏။ ချိုင်းထောက်က သရဲမကိုယ်ကို ဖောက်ထွက်ကာ လွင့်ထွက်သွား၏။ တဆက်တည်း ခေါင်းရင်းဘက်ရှိ မီးခလုတ်ကို လှမ်းဖွင့်လိုက်လေရာ . .

“ဟင် . .”

တစ္ဆေသရဲနှင့်တူသော သူ့မိန်းမလည်းမရှိတော့ . . ။

အရာရာကား ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

နာရီကြည့်လိုက်တော့ ည(၁၂း၅၀)နာရီအတိ ဖြစ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

**အား**လုံး၏ သဘောတူညီမှုအရ ထက်ပိုင်၏ဦးနှောက်အား (C.T. Scan)ဖတ်၍ စစ်ဆေးကြည့်ကြသည်။ သို့သော် ဦးနှောက်၌ တစ်စုံတစ်ရာ ပြစ်ချက်မရှိ။

ထို့နောက် ထက်ပိုင်မှာ ဆေးရုံမှဆင်းခွင့်ရပြီးနောက် နေအိမ်သို့ ပြန်ရောက်နေပြီဖြစ်သည်။ မိသားစုသုံးယောက် နေခဲ့သော တစ်ထပ်တိုက်လေးမှာ အခုတော့ သူတစ်ယောက်တည်း အထီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေ၍ လရိပ်နှင့် အဒေါ်ဖြစ်သူ လာနေပေးရသည်။

အိမ်ရောက်တော့ ထက်ပိုင်ရင်ကို စောက်နဲ့ထွင်းသလို ခံစားလိုက်ရသည်။ သက်၏ ဗီဒိုထဲမှ ကိုယ်ဝန်ရှိကြောင်း ဆေးမှတ်တမ်း စာရွက်များကိုတွေ့သဖြင့် ပို၍ပင် တုန်လှုပ်ခြောက်ခြားခဲ့ရသည်။

သူဆုံးရှုံးခဲ့တာ သက်တယောက်တည်းမဟုတ်တော့ သူမသိလိုက်သော သက်ဗိုက်ထဲမှ ကိုယ်ဝန်လည်းပါနေသည်။

ယူကျုံးမရသော စိတ်တွေဖြင့် စားပွဲခုံကို ဘယ်နှစ်ကြိမ်ထိုးမိမှန်း မသိတော့. .

"သက်. . သက်မှာကိုယ်ဝန်ရှိနေတာကို မောင့်ကို ဘာလို့ဖွင့်မပြောခဲ့ရတာလဲ၊ ဘာလို့ လူ့လောကထဲမရောက်သေးတဲ့ မောင့်ကလေးကိုပါခေါ်ပြီး ကိုယ့်ဘဝထဲကနေ အပြီးအပိုင် ထွက်သွားရတာလဲ၊ ကိုယ်ရှုံးတော့မယ်. . .

အခုချိန်မှာ သက်တို့သားအမိနှစ်ယောက်တည်း အထီးကျန်မှာကို စိုးရိမ်မိတယ်ကွာ. .၊ ဒါမှမဟုတ် မိတ်ဆွေအသစ်တွေနဲ့ ပျော်နေပြီလား. . သက်"

အရူးတပိုင်းလို တတွတ်တွတ်ပြောနေရှာသော သူ့အစ်ကို ထက်ပိုင်ကို ကြည့်ပြီး လရိပ်ပြာပင် မျက်ရည်ဝဲရလေသည်။ တစ်ခါ တလေ မိန်းမတွေရဲ့စိတ်ဟာ နားလည်ရခက်တတ်သည်ပဲလေ.

လရိပ်ပြာ သက်ပြင်းကို ခပ်လေးလေးချပြီး. . စားပွဲခုံပေါ် မျက်နှာအပ်ကာ ကလေးတစ်ယောက်လို တအင့်အင့်ရှိုက်ငိုနေသော ထက်ပိုင်အနားသို့ လျှောက်လာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ကိုထက်ရယ် စိတ်ကိုထိန်းပါ၊ ကံကြမ္မာက လရိပ်တို့လူသားတွေကို ဘာများ စောဒကတတ်ခွင့်ပေးခဲ့လို့လဲ. . ၊ တရားနဲ့ပဲ ဖြေလိုက်ပါ"

"ဒီအချိန်မှာ ဘယ်သူပဲ တရားချချ၊ ကိုထက် တရားနဲ့မဖြေနိုင်တော့ဘူး၊ သက်က ငါ့ကိုသိပ်ချစ်တာ. . သူ့ဘဝမှာ ငါမရှိရင်မဖြစ်သလို . . ငါ့ဘဝမှလည်း သူမရှိလို့မဖြစ်ဘူး၊ ငါသိပ်ချစ်တဲ့ မိန်းမအတွက် ငါ့မှာ ဒီလောက်တော့ ကြေကွဲပိုင်ခွင့်ရှိပါတယ်ကွာ၊ ငါ. . ငါ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေပါရစေ ညီမလေးရယ်"

ဘယ်လိုမှ ဖျောင်းဖျနှစ်သိမ့်လို့ မရသည့်အဆုံး လရိပ်ပြာပင့်သက်ရှိုက်ကာ အခန်းထဲမှ ထွက်သွားလိုက်လေ၏။

ထက်ပိုင်လည်း ငိုရလွန်းအားကြီး၍ မောကာ. . အိပ်ယာပေါ် လှဲလိုက်သည်နှင့် အိပ်ပျော်သွားသည်။

ညသန်းခေါင်းယံအချိန်တွင်. .

"တီ. . တီ. . တီ. . "

ခုတင်ဘေး တင်ထားသောဖုန်းမှ ဖုန်းမြည်လာခြင်းဖြစ်သည်။ ထက်ပိုင် အိပ်ချင်မူးတူးဖြင့် လှမ်းကိုင်လိုက်သည်။

"ဟ. . လို. . "

တဖက်မှ ဘာသံမှမကြားရသောကြောင့် ဖုန်းနံပါတ်ကိုကြည့်မိသည်။ နံပါတ်က တစ်ခုမှမပေါ်ပေ. .

ထိုစဉ် ခုတင်ခြေရင်းရှိ ခုံပေါ် တင်ထားသော ကွန်ပြူတာမှာ သူ့အလိုလို ပါဝါပွင့်လာလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင် ခုတင်ပေါ်မှ အံ့အားသင့်စွာ လှမ်းကြည့်နေမိသည်။ ကွန်ပြူတာ စကရင်ပေါ်တွင် သက်တို့ သားအမိနှစ်ယောက် တွဲရိုက်ထားသောဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ပေါ်လာနေသည်။

အိပ်ရာပေါ်မှဆင်းကာ ကွန်ပြူတာဆီ သူလျှောက်လာခဲ့သည်။ အခန်းသည် ပကတိတိတ်ဆိတ်လျက်ရှိကာ အပ်ကျသံပင် တစ်စုံတစ်ရာ မကြားရပေ။

ထက်ပိုင်သည် ကွန်ပြူတာစကရင်ပေါ်၌ ပေါ်နေသော သက်တို့သားအမိ၏ ပြုံးရွှင်ရယ်မောနေသော ချစ်စရာမျက်နှာလေး နှစ်ခုကို သတိလက်လွတ်ငေးမောရင်း ဖန်သားပြင်ကို ညင်သာစွာ ပွတ်သပ်လိုက်မိသည်။

"သက်. . ကိုယ့်ကိုလာပြီး အပြုံးနဲ့ ဖြေသိမ့်နေတာလား ဟင်၊ ပြန်လာခဲ့ပါ. . ပြန်လာလို့ရမယ်ဆိုရင် ကိုယ့်ဆီကို ပြန်လာခဲ့ပါလား အချစ်ရယ်၊ သက်နဲ့ ကိုယ့်အချစ်တွေ တစ်ဖန်ပြန်ပြီး ရှင်သန်ချင်လို့ပါ"

ထက်ပိုင် တီးတိုးရေရွတ်ရင်း ခုံတွင်ဝင်ထိုင်ကာ နောက်ကျောကို ခပ်လျှောလျှော ဝင်ထိုင်လိုက်သည်။ မျက်ဝန်းထောင့်မှ ရိပ်ခနဲ ဖြစ်သွားသော လှုပ်ရှားမှုတခုကြောင့် အခန်းဝဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

အခန်းတံခါးသည် ပိတ်လျက်သား ဘာလှုပ်ရှားမှုမှမရှိ။ ထိုစဉ် နောက်ကျောဘက်ဆီမှ ခြေသံခပ်ဖွဖွကို ထပ်ကြားရပြန်သည်။ ထက်ပိုင် လှည့်မကြည့်ဘဲ ထိုခြေသံအပြင် ဘာများထပ်ပြီး ထူးခြားဦးမလဲဟု စောင့်ကြည့်သောပုံစံဖြင့် အသာနားစွင့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုခြေသံနောက်တွင်. . ခြေသံသေးသေးလေး နောက်တစ်ခု၊ အတန်ကြာသည်အထိ ထက်ပိုင် ငြိမ်နေပြီးမှ ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်ရာ အရာအားလုံး ပြန်တိတ်ဆိတ်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၂)

အခု ပြောင်းအလဲကြီး ပြောင်းလဲသွားသော ထက်ပိုင်ကိုကြည့်ပြီး ရဲလေးတစ်ယောက် ဘယ်လိုဝေဖန်သုံးသပ်ရမှန်းပင် မသိတော့. .။ သက်နှင့် သမီးလေးဆုံးပြီးနောက်မှာ သူ့စိတ်တွေ ကစဉ့်ကလျားဖြစ်ကာ ပုံမှန်ပြန်မဖြစ်တော့တာလားဟုပင် ကရုဏာ သက်စွာ တွေးမိသေးသည်။

အခုလည်း အိမ်ကထမင်းဝိုင်း၌ ဘီယာသောက်ရင်း သူ့ရှေ့


www.burmeseclassic.com

www.burmeseclassic.com



မှာ သက်ရှိတယ်ဟုပြောကာ တစ်ယောက်တည်း စကားတွေပြောနေခြင်းဖြစ်သည်။ ရဲလေးမှာ ထက်ပိုင်အခြေအနေက မူမမှန်သဖြင့် မပြန်နိုင်သေးဘဲ ရှိနေ၏။

"မင်းမှာ ရင်သွေးလေးရှိတာ ဘာလို့မပြောတာလဲ သက်"

ထက်ပိုင် ဘီယာကိုငှဲ့ထည့်လိုက် သောက်လိုက် စကားတွေပြောလိုက်နှင့် မျက်နှာပေါ်မှာ မူမမှန်သော အလိုမကျခြင်းတွေဖြင့် ပြည့်သိပ်တိုးဝှေ့နေပေသည်။

BURMESE CLASSIC .com

ထိုစဉ်. .

"တင်း. . တောင်. ."

လူခေါ်ဘဲလ်သံကြောင့် ရဲလေးက. .

"လရိပ်တို့ ပြန်လာပြီနဲ့တူတယ်"

ရဲလေး အိမ်ရှေ့ထွက်သွားကာ ကျွန်းတံခါးကြီးကို ဖွင့်လိုက်သည်နှင့်. .

"ကိုထက်ပိုင် ရှိပါသလား"

"ရှိပါတယ်"

ရဲလေးက ထမင်းစားခန်းထဲ ဝင်လာကာ ထက်ပိုင်ပုခုံးကို တို့ထိရင်း. .

"ထက်ပိုင် အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်"

ထက်ပိုင် လက်ထဲမှဘီယာခွက်ကို ချလိုက်ပြီး သူ့ရှေ့စားပွဲကို ပြုံးကြည့်လိုက်သည်။

"ကဲ. . သက်ရေ ဧည့်သည်လာလို့ သွားတွေ့လိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင်ထွက်သွားတော့. . ထမင်းစားခန်းထဲ ရဲလေး တစ်ယောက်တည်း ကျန်ခဲ့သည်။ ရဲလေး စိတ်ပျက်စွာ ကျွတ်ခနဲ စုတ်သပ်လိုက်ရင်း. .

"ဟာ. . ဒီကောင်ရူးသွားပြီလားမသိဘူး. . ၊ မရှိတော့တဲ့မယားကို တပြီး ရူးသွားပြီနဲ့တူတယ်"

ထိုစဉ်. . .

"ကျွိ. . "

ရုတ်တရက် ရဲလေး၏ ရှေ့တည့်တည့်ရှိ ထိုင်ခုံသည် ကျွီခနဲရွှေ့သွားလေသည်။ ရဲလေး ခတ်မတ်မတ်ရပ်နေရင်းက ဆတ်ခနဲတွန့်သွားသည်။

လေမတိုက်ပါဘဲ. . ထမင်းစားခန်းထဲက ဖွန်းခွက်ပန်းကန်များတင်ထားသော ပန်းကန်စင်ပါ လှုပ်ရမ်းသွားသည်။

မျက်နှာကြက်ရှိ မီးဆိုင်းမှာလည်း စက်ဝိုင်းသဏ္ဍာန် ယိမ်းထိုးလည်ပတ်သွားသည်။

ရဲလေး သွေးပျက်မတတ် ထိတ်လန့်သွား၏။

ထက်ပိုင်ကို ခပ်ပြစ်ပြစ်ဝေဖန်မိသော အကျိုးရလဒ်ဟု စိတ်ထဲထင်သွားမိသည်။

ထိုအချိန်တွင် စောစောက ရွှေ့သွားသောထိုင်ခုံသည် လူတစ်ယောက် ကန်ကျောက်လိုက်သလို လွင့်ထွက်သွားလေသည်။

"ဝုန်း. . "

"အောင်မလေးဗျာ"

ထက်ပိုင် အိမ်မှာဆက်နေဖို့မသင့်တော့မှန်း အခုမှသတိရ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ပြန်ရန် အိမ်ရှေ့သို့ပြေးထွက်ခဲ့သည်။

နောက်ဖေးခန်းထဲမှ ထွက်အပြေး ခပ်တိုးတိုးညည်းတွား သံတစ်ခုက ရဲလေးနောက်သို့ ထပ်ကြပ်မကွာ လိုက်လာလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

"မောင်ထက်ပိုင်ရဲ့ အခြေအနေက ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာ မဟုတ်တော့ဘူး၊ စိတ်ပိုင်းဆိုင်ရာ ပြဿနာဖြစ်နေပြီ သမီး၊ သူ့ဖြစ်ရပ်က နည်းနည်းဆန်းကြယ်နေတယ်၊ ဆေးသိပ္ပံပညာနဲ့ အဖြေရှာတာတောင် မတွေ့ဘူးဆိုတာပဲကြည့်လေ"

ဒေါက်တာဦးကျော်ဇေယျက သူထင်မြင်ယူဆချက်ကို ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းစွာ ပြောလေသည်။

"ဒီလို DeathBed Visions တွေမြင်နေရတာဟာ ကောင်းတဲ့လက္ခဏာတော့ မဟုတ်ဘူး၊ အန်ကယ် ပြောသလို စိတ်နဲ့ဆိုင်သွားပြီ၊ မောင်ထက်ပိုင်ရဲ့ဖြစ်ရပ်ဟာ စိတ်နယ်လွန်ဝေဒနာ၊ ဆေးပညာအခေါ်အရ mental conflict တွေပဲ လရိပ်၊ သူ့စိတ်ထဲမှာ Psycho Effect တွေသိပ်များနေတယ်၊ သိစိတ်နဲ့ မသိစိတ်ဟာ အထဲမှာ အားပြိုင်နေတဲ့သဘောပဲ"

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲ အန်ကယ်"

"အင်း. . စိတ်ပညာသဘောကတော့ အတော်ပြောရခက်ဘယ်၊ ဒါတွေက Psychiatrist ခေါ်တဲ့ စိတ်အထူးကု ဆရာဝန်ကြီးတွေက ပိုကျွမ်းကျင်ကြလိမ့်မယ်၊ အန်ကယ့်အမြင် ပြောရရင်တော့ မောင်ထက်ပိုင်ဟာ သူသိပ်ချစ်ရတဲ့ သမီးနဲ့ဇနီးဟာ သူ့မျက်စိရှေ့မှာတင် သေသွားတာမြင်လိုက်ရတော့ စိတ်ဒဏ်ရာရသွားပုံပဲ၊

အဲဒီအကြောင်းတွေကို အတင်းမေ့ဖို့ ကြိုးစားရင်း မသိစိတ်နဲ့ ပြဿနာဖြစ်ရတဲ့သဘောပေါ့၊ မေ့ဖို့ ကြိုးစားလေ ဒဏ်ရာရလေပဲလေ၊ ပြင်ပကဒဏ်ရာတွေ ပျောက်သွားပေမယ့် သူ့မှာ ဦးနှောက်နဲ့ ဆက်စပ်နေတဲ့ ဒဏ်ရာဖြစ်နေတော့. . ၊ စိတ်ကျရောဂါ Depression with anxiety လို့ဆေးပညာရှင်တွေက မှတ်ချက်ချကြတယ် သမီး"

"ဒါကို ပျောက်အောင်မကုနိုင်ဘူးလား အန်ကယ်"

လရိပ်ပြာ၏ စကားကြောင့် ဒေါက်တာက တွေးတွေးဆဆဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ပျောက်အောင်ကုလို့ရပါတယ်၊ ဒါပေမယ့် အချိန်ပေးရမယ်၊ စိတ်ကိုစိတ်နဲ့ ပြန်ကုရမယ့်အပိုင်းပေါ့။ အခု သူ့မှာဖြစ်နေတဲ့စိတ်က. . အပြုစိတ်ကူးပဲ၊

အန်ကယ်လည်း ခွဲစိတ်ဆရာဝန်တစ်ယောက်ပါပဲ၊ ဒီကိစ္စက ဆေးပညာနဲ့ သိပ်မဆိုင်တော့ဘူး၊ ဒါက သိပ္ပံလိုင်းမဟုတ်တော့ဘူး၊ ဝိဇ္ဇာလိုင်းနဲ့ ပိုဆိုင်သွားပြီလို့ အန်ကယ်ထင်တယ် သမီး"

ဒေါက်တာက သူ့ကိုသဲလွန်စတွေ ထုတ်ပြခဲ့သည်ဟု လရိပ်မြှာ နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

“အား..”

ဒီအချိန်ဆို ထက်ပိုင် ထုံးစံအတိုင်း လန့်နိုးနေကျ။ အိပ်ချင်စိတ်လည်း ပျောက်သွားသဖြင့်.. မျက်နှာသစ်ရန် ရေချိုးခန်းသို့ လျှောက်လာလိုက်သည်။ အခုဆို သူ လမ်းကောင်းကောင်းလျှောက်နိုင်နေပြီဖြစ်သည်။

မျက်နှာသစ်အပြီး ကြည့်မှန်ကိုအကြည့်တွင် နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



အရိပ်တစ်ခုဖြတ်သွားသည်ကို သေချာမြင်လိုက်ရသည်။ လှည့်ကြည့်သော်လည်း ဘာမှမရှိ. .

စိတ်ထွေစွာနှင့် မှန်ကိုပြန်အကြည့်တွင် မှန်ထဲသူ့ပုံရိပ်က တဖြည်းဖြည်း ဝေဝါးသွားသည်ကို တွေ့နေရသည်။

"ဟင်. ."

ထက်ပိုင် သူ့မျက်နှာကို ပြန်ကိုင်ကြည့်သည်။ စိတ်တိုင်းမကျသေး၍ ရေချိုးခန်းမီးခလုတ်အား ဖွင့်လိုက်လေရာ မှန်ထဲ သူ့ပုံရိပ်ကို နဂိုအတိုင်း ပြန်တွေ့ရလေသည်။ စောစောကအမှောင်ထဲမှာ သူ့ပုံရိပ်ဘာကြောင့် ဝေဝါးသွားရတာလဲ. .။ နောက်ပြီး သူ့အသားအရည်က လိုတာထက်ပိုကာ ဖြူဖွေးလာသည်ကို သတိပြုမိလာသည်။

ဒါကို လရိပ်က အစောကြီးကတည်းက ရိပ်မိ၏။ သူ့အစ်ကိုအတွက် လရိပ်ပြာ စွန့်စားရတော့မည်။

ထို့ကြောင့်. . သူ့အစ်ကိုကိုခေါ်ကာ ထွက်လာခဲ့သည်။

"လရိပ် ဘယ်သွားနေတာလဲ ဝေးလှချည်လား၊ မရောက်သေးဘူးလား"

"ရောက်တော့မှာပါ"

"မှော်ဘီတောင် ရောက်နေပြီနော်"

"ဟုတ်တယ်. . အဲဒီဆရာမကြီးက မြို့ပြင်မှာနေတာလေ အကြားအမြင် ဆရာမကြီးပေါ့. . စွမ်းလည်းစွမ်းတယ်၊ လရိပ်သူငယ်ချင်းတွေ သွားကြလို့ လရိပ်သိထားတာ"

သူတို့ရောက်တော့ အစိမ်းရောင် တစ်ထပ်သွပ်မိုးအိမ်လေးဖြစ်သည်။ သစ်ပင်မျိုးစုံရှိသော ခြံဝင်းကလေးက နှစ်လိုဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှ၏။ ခြံစောင့်ထွက်လာကာ သူတို့အား ဆရာမကြီး၏ ဓာတ်ခန်းသို့ ခေါ်သွား၏။

ဆရာမကြီးဟုဆိုသော်လည်း အသက်က လေးဆယ်ဝန်းကျင်သာ ရှိလိမ့်မည်။

သူမ၏ ဓာတ်ခန်းဆိုသည်မှာ အိမ်ရှေ့အခန်းတစ်ခုကို မှန်များဖြင့် ကာရံထားသော ဘုရားခန်းပင်ဖြစ်၏။ ဘုရားဆင်းတုတော်များကို ပန်းပေါင်းစုံဖြင့် ပူဇော်ထား၍ မြင်ရသည်နှင့် ကြည်ညို သပ္ပာယ်ဖွယ် ခံစားလိုက်ရသည်။ ထို့ပြင် အုန်းငှက်ပျောပွဲများ၊ သစ်သီးပွဲများကလည်း အလျှံပယ်ဖြစ်၏။

ထက်ပိုင် စိတ်ဝင်စားမိသည်မှာ ဘုရားစင်အောက်ရှိ စင်တစ်ခုပေါ်မှ ရုပ်တုများဖြစ်သည်။ ရုပ်တုတွေက မျိုးစုံလှသည်။ ထွက်ရပ်ပေါက် သိဒ္ဓိရှင်ကြီးများဖြစ်မည်ဟု သူ ခန့်မှန်းမိသည်။

စားပွဲအနိမ့်လေး တစ်ခုပေါ်တွင်တော့ 'Auartz Grystal Ball' ဟုခေါ်သော ဖန်လ်လုံးကြီးတစ်လုံး ရှိနေသည်။

အကြားအမြင်ဆရာအများစုတွင် ဤသို့သော ဖန်လုံးကြီးရှိနေခြင်းမှာ အဆန်းတကြယ်တော့မဟုတ်၊ မြန်မာသာမက အနောက်တိုင်းမှ ဂန္ဓရပညာရှင်များသည်လည်း ဤသို့သော ဖန်လုံးများ၊ သုံးမြောင့်ဖန်တုံးများ၊ ကြေးမုံပြင်များ သုံးစွဲကြသည်ကို သူ လေ့လာဖူးသည်။

"လာကြ. . လာကြ. . မင်းတို့နှစ်ယောက်စလုံး ဘုရားကို အရင်ဝတ်ပြုရှိခိုးလိုက်ကြအုံး"

ဆရာမကြီးက အောင်မြင်ခန့်ညားသောအသံဖြင့်ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com


အမွေးတိုင်များကို ထွန်းညှိနေ၏။ ထို့နောက် ရွှေမောင်း၊ ငွေမောင်းတို့ကို (၉)ချက်စီ တီးခတ်ပြန်သည်။

"ဒူ. . ဒူ. . ဒူ. ."

မောင်းသံတစ်ချက်ကြားတိုင်း ထက်ပိုင်ရင်ထဲ ဒိန်းခနဲ တစ်ချက်တုန်သွားရသည်။ သွေးကြောထဲမှာလည်း တဖျင်းဖျင်းနှင့် တစ်မျိုးတစ်ဖုံခံစားရ၏။ အဘယ်ကြောင့် ထိုသို့ဖြစ်သည်ကိုတော့ သူမပြောတတ်. . ။ အသိသာဆုံး တစ်ချက်မှာ နံ့သာရည်ဖြစ်၏။

ငွေဖလား ခပ်သေးသေးတစ်လုံးထဲ ထည့်ထားသော နံ့သာရည်များကို အောင်သပြေခက်ဖြင့် ဆရာမကြီးက ပက်ဖျန်းနေခြင်းဖြစ်သည်။ နံ့သာရည်တစ်စက် သူ့ကိုယ်ပေါ် ကျလာတိုင်း ကျင်ခနဲ ကျင်ခနဲဖြစ် ဖြစ်သွားရသည်။ အံ့သြစရာကောင်းနေသည်။

"ကဲ. . ဆရာမ ဘုရားဝတ်ပြုအုံးမယ်၊ ပုဂ္ဂိုလ်တွေ ပင့်ဖိတ်လိုက်အုံးမယ်၊ မင်းတို့ ခဏစောင့်ကြ၊ နေသာသလို လွတ်လွတ်လပ်လပ်နေ. . ရတယ်"

ဆရာမကြီးက ထိုသို့မှာကြားပြီးနောက် ဘုရားရှိခိုးနေ၏။ ထို့နောက် လောကပါလ နတ်မင်းကြီးလေးပါး၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ ဓမ္မဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အရိယာဝိဇ္ဇာ အပေါင်းတို့နှင့်တကွ ဒေဝီခုနှစ်ပါးကိုလည်းကောင်း၊ အတွင်းအပြင် သုံးဆယ့်ခုနစ်မင်း၊ ဆိုင်ရာပိုင်ရာ အစောင့်အရှောက်များ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ ဝေမာနိက ပြိတ္တာအနွယ်ဝင်များအားလုံးကို စိတ်ရှည်လက်ရှည်ဖြင့် အမျှဝေခြင်း၊ မေတ္တာပို့သခြင်းများကို ပြုလုပ်နေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအဝဝပြီး၍ နာရီဝက်ခန့်ကြာသော့မှ သူတို့ရှိရာဘက်သို့ လှည့်လာနိုင်ခဲ့သည်။ ဆရာမကြီးက ထက်ပိုင်ကို စူးစူးစိုက်စိုက် ကြည့်ပြီးနောက် မျက်စိစုံမှိတ်သွား၏။

ထို့နောက် သူ့ကို နားမလည်သောဘာသာစကားဖြင့် တစ်ယောက်တည်း တတွတ်တွတ်ပြောနေသည်။ ခေါင်းကိုလည်း ဘယ်ညာခါယမ်း၍ တကိုယ်လုံးလည်း တဆတ်ဆတ် တုန်ခါနေ၏။ သူမ ပြောသောစကားမှာ ဟိန္ဒူ စတန်နီ ဘာသာစကားဖြစ်မည်ဟု ထက်ပိုင် ခန့်မှန်းမိသည်။

ထို့နောက်တွင်မှ မျက်လုံးပွင့်လာကာ. . .

"မင်းက သေတော့မယ့်လူပါလား၊ ကားတိုက်မှုဖြစ်ကတည်းက မိသားစုနဲ့အတူ မင်းသေရမှာ. . ၊ မင်းရဲ့ အသားအရေကလည်း ပုံမှန်မဟုတ်တော့ဘူး၊ လူသေတစ်ကောင်နဲ့ တူလာပြီ၊ ဒါပေမယ့် တစ်စုံတစ်ခုက မင်းအသက်ကို ကာကွယ်ပေးထားတယ်"

ဆရာမကြီး၏စကားကြောင့် ထက်ပိုင် သတိရသွားကာ လက်တွင်စွပ်ထားသော မဟူရာကျောက် လက်စွပ်လေးကို ဆုပ်ကိုင်လိုက်မိသည်။

"ဒီ. . ဒီလက်စွပ်ကို ပြောတာလားဗျ"

"ဒီလက်စွပ်ကြောင့်ပဲ မင်းမိန်းမနဲ့သမီးလေးဟာ မကျွတ်နိုင်ပဲ တမလွန်မှာ ဒုက္ခရောက်နေကြတယ်၊ မင်း. . ဒီ လက်စွပ်ကို မြေကြီးထဲကရခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ် ဒီလက်စွပ်ဟာ ရှေးခေတ်မြို့ဟောင်းတစ်ခုကို တူးဖော်ရာက ရခဲ့တာပါ၊ ကိုယ်ကျိုးအသုံးပြုဖို့ မဟုတ်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ခဏထိန်းသိမ်းပေးတဲ့အနေနဲ့ လက်မှာစွပ်ထားမိတာပါ။ ဒီလက်စွပ်စွပ်ထားပြီးချိန်မှ ကားတိုက်မှုဖြစ်တယ်၊ ဇနီးနဲ့သမီးလေးလည်း သေဆုံးခဲ့ပါတယ်၊ မမြင်သင့်တာတွေလည်း မြင်နေ တွေ့နေရတယ်၊ ဒါတွေအားလုံးက ဒီလက်စွပ်ကြောင့်ပေါ့၊ ဒီလက်စွပ်ကို ကျွန်တော်မစွပ်တော့ဘူး၊ သူ့နေရာမှာ ပြန်ထားပေးပါ့မယ်"

ထက်ပိုင် လက်စွပ်ကိုဆွဲချွတ်သည်။ ချွတ်မရသည့်အပြင် ပို၍ပင် ကြပ်သွားလေသည်။

ဆရာမကြီးက ခေါင်းကို တွင်တွင်ခါရင်း. .

"ကဲ. . ကဲ. . မင်းအနားတိုးလာခဲ့"

ဆရာမကြီးသည် ကျွန်းသေတ္တာ သေးသေးလေးတစ်လုံးကို ဖွင့်လိုက်၏။ အတွင်းမှ အသင့်စီရင်ထားသော စမများကို ထုတ်ယူလိုက်သည်။ ထိုစမများကို မှိုင်းကိုင်စက္ကူတွင် ရေးဆွဲထားခြင်းဖြစ်၏။ နှစ်လက်မပတ်လည်ခန့်ရှိသော စမစက္ကူ(၉)ရွက်ကို အသုံးမပြုမီ "အနိုးဂါထာ"ဖြင့် (၃၇)ခေါက် နိုက်လိုက်၏။

ထို့နောက် "သနချေဂါထာ" (၇)ခေါက် "သိဒ္ဓိတင်ဂါထာ" (၇)ခေါက်ဖြင့် စမများကို မန်းမှုတ်လေတော့သည်။

ထိုအချိန်တွင် ဆရာမကြီး၏ ခြံစောင့်ကောင်လေးက ထင်းရှူးသားဖြင့် မီးမွှေးထားသော ကြေးဇလုံတစ်ခုကို အခုအခံများဖြင့် ယူလာကာ ဆရာမကြီးနံဘေးတွင် အသင့်ချထားပေးလိုက်သည်။

"မောင်ကောင်း မှိုင်းဆေးနည်းနည်း ထည့်ပြီးရင် တောင်အောက်ဆေးနဲ့ တောင်လတ်ဆေး နည်းနည်းစီပါ ဖြူးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မောင်ကောင်းဆိုသောကောင်လေးက မီးတောက်နေသော ကြေးဇလုံထဲသို့ ဆေးမှုန့်များ ဖြူးချနေသည်။ မီးခိုးငွေ့များက ချက်ချင်းပင် အူထွက်လာ၏။

"ပန်ကာကို ဟိုဘက်နည်းနည်းစောင်းပြီး ဖွင့်ထားပေးလိုက်တော်ကြာ သူတို့တွေ မွန်ကုန်လိမ့်မယ်"

ဆရာမကြီး စေခိုင်းချက်အရ မောင်ကောင်းက စားပွဲတင်ပန်ကာကို ဖွင့်ပေးထားလိုက်သည်။

လရိပ်ပြာမှာ ဆရာမကြီး ပြုလုပ်သမျှကို မျက်တောင်မခတ်ကြည့်နေမိသည်။ ထက်ပိုင်မှာလည်း ဆရာမကြီးစေခိုင်းထားသည့်အတိုင်း တင်ပျဉ်ခွေထိုင်ကာ လက်ဝါးနှစ်ဖက်ဒူးပေါ်ဖြန့်၍ မျက်စိစုံမှိတ်ထားရသည်။

"ကဲ. . ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်၊ ဗြဟ္မာဂုဏ်၊ ဒေဝဂုဏ်၊ ယက္ခဂုဏ်၊ လမိုင်းဂုဏ်၊ ပျယ်ဆရာပျယ်၊ ရှင်းဆရာရှင်း၊ လင်းဆရာလင်း"

ဆရာမကြီးက ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုရင်းက စမတစ်ရွက်ဖြင့် ထက်ပိုင်၏ မျက်လုံးများကို ပွတ်သပ်ပေးနေ၏။

ပွတ်သပ်ရာမှာလည်း ဗရမ်းဗတာ ပွတ်သပ်ပေးခြင်းမဟုတ်၊ အထက်မှအောက်သို့ ဆွဲချပေးခြင်းဖြစ်သည်။ ဆွဲချပေးရင်း သူ့နှုတ်မှလည်း ဂါထာမန္တာန်တစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်ဖတ်နေသည်။

ဘာတွေရွတ်မှန်း လရိပ်ပြာမကြားသော်လည်း 'ဉုံ' တစ်လုံးကိုတော့ ပီပီသသကြားနေရ၏။ 'ဉုံ' ရွတ်ရာတွင် အသံကို ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်းရွတ်ဆိုခြင်းဖြစ်သည်။

ထိုသို့ စမများဖြင့် ထက်ပိုင်၏ မျက်လုံးကို ပွတ်သတ်ဆွဲချပေးပြီးသောအခါ ထိုစမှုိင်းကိုင်များကို ကြေးဇလုံထဲ ပစ်ချလိုက်လေရာ တစ်ခဏအတွင်းမှာပင် မှိုင်းကိုင်များ မီးထတောက်ကာ ပြာကျသွားတော့သည်။

စမတစ်ရွက် ပစ်ချလိုက်တိုင်း မီးညွှန့်များက ဝုန်းခနဲ ထတောက်သည်။

အံ့သြစရာတစ်ချက်က မီးညွှန့်များသည် တွေ့နေကျ အဝါရောင်မျိုးမဟုတ်ဘဲ စိမ်း၊ ဝါ၊ နီ၊ ပြာ၊ ကြက်သွေး စသဖြင့် ရောင်စဉ်များ ယှက်သန်းနေသည်ကို လရိပ်ပြာတွေ့လိုက်ရ၏။

စမ (၉)ရွက်စလုံး ကုန်သွားတော့မှ ဆရာမကြီးက ဟင်းခနဲ သက်ပြင်းချကာ. .

"ကဲ. . မင်းမျက်လုံးဖွင့်လို့ရပြီ၊ နားလို့ရပြီ၊ ပထမအဆင့်တော့ပြီးပြီ"

ထက်ပိုင်မှာ ထိုအခါမှ လှုပ်ရှားနိုင်တော့သည်။

မျက်စိနှစ်လုံးကိုလည်း သူ့လက်ဖြင့် အသာပွတ်ကြည့်၏။

"ကဲ. . ပြောပါအုံး ဘယ်လိုနေလဲ"

"ဆရာမကြီး လုပ်ပေးတဲ့အချိန်တုန်းက အဲဒီစက္ကူနဲ့ မျက်လုံးကို ထိလိုက်တိုင်း ပူခနဲပူခနဲ ဖြစ်ဖြစ်သွားတယ်၊ စကပ်ကပ်ချင်းမှာ ပူတာပါ၊ နောက်တော့မပူတော့ဘူး၊ မျက်လုံးထဲမှာတော့ အခုစောကထက် ပိုရှင်းသွားသလိုပဲ"

"ဟုတ်ပြီ. . ဒါအစကိုး နောက်ဆို ဒီထက်ပိုရှင်းသွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မျက်ကြည်လွှာမှာ ဖုံးအုပ်နေတဲ့ အနိဋ္ဌအလွှာကို ဖယ်ချပေးတာ၊ ဒါကို သိပ္ပံပညာနဲ့ မမြင်ရဘူး၊ လောကီဝိဇ္ဇာဓရ ပညာနဲ့ပဲ ရှင်းနိုင်တယ်"

"ဆရာမ အခုလုပ်ပေးတဲ့ ပညာနဲ့ပတ်သက်ပြီး သဘောလောက် သိခွင့်ရမလား"

ထက်ပိုင်က သိလို၍ မေးသဖြင့်. .

"သိချင်သပဆိုရင် ရှင်းပြရတာပေါ့၊ အခု ဒီမှိုင်းကိုင်မှာဆွဲထားတာက "ဉာဏ်တော်သုံးပါး ပညာစက်"တွေဖြစ်တယ်၊ ရွှေငွေ၊ ကြေးနီ၊ ကြေးဝါ၊ ကမ္ဘဝါပြား၊ မှိုင်းကိုင်၊ လက်ကိုင်ပဝါ စတဲ့သန့်ရာတစ်ခုခုမှာဆွဲရတယ်၊

အရေးကြီးတာက. . အချိန်ကောင်း အခါကောင်းမိဖို့ပဲ၊ အချိန်အခါကောင်းဆိုတာ နေ့တိုင်းပေါ်နေတာမဟုတ်ဘူး၊ သူပေါ်တဲ့နေ့ ပေါ်တဲ့အချိန်မှာ အများကြီး ဆွဲထားရတယ်၊ ဒါမှ အရေးကြုံရင် ပြန်အသုံးချနိုင်မှာကိုး၊

ဒါကိုဆွဲရင်. . ပွဲကိုးပွဲ၊ သစ်သီးကိုးမျိုး၊ ရေကိုးခွက်၊ အလင်းကိုးတိုင်၊ အမွှေးတိုင်ကိုးတိုင် တင်ရတယ်၊ ငွေငါးမတ်လည်း ပွဲထဲမှာပါအောင် ထည့်ရတယ်"

ဆရာမကြီးက သူ၏ပညာရပ်အပေါ် ဂုဏ်ယူသောအသံများဖြင့် ရှင်းပြနေသည်။

"အဲဒီအပြားတစ်ခုခုမှာ ဆွဲတော့မယ်ဆိုရင် သီလအငြိုးလုံပြီး စင်ကြယ်နေဖို့တော့လိုမယ်၊ ဒါမှ စွမ်းအားတွေဝင်မှာ၊ သူ့ရားမှာ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင်နဲ့ ပူဇော်ရှိခိုးရမယ်၊ သီလခံယူ-



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ပင့်ဖိတ်ထိုက်သူများ ပင့်ဖိတ်ရမယ်၊ ပြီးတော့မှ ညဉ့်ဦးယံမှ (ပု)ရေး၊ သန်းခေါင်းယံမှာ (ဒိ)ရေး၊ အာရုဏ်တက်လာရင် (အာ)ရေးပြီး အဲဒီအက္ခရာနဲ့ပဲ (၁၀၀၀)စုပ်ရမယ်၊ ပြီးရင် . . ဂုဏ်တော်ကိုးပါး (၁၀၈)ခေါက် ထပ်စုတ်၊ လက်ယာလက်ဝဲ မှန်ရမယ်၊ အဲဒီစက်ရေးလျှင် ဟိန်းရမှာကတော့ (ဦ ပူဇာစ ပူဇ နေယျာန်)ဆိုပြီး (ပု)ကိုရေး (ဦ ဒိဝါစ ရတ္တောစ ဟရန္တိယေဗ လိ) လို့ဆိုပြီး (ဒိ)ကိုရေး (ဦ အာသောကံ ဝိရဇံခေမံ)လို့ဆိုပြီး (အာ)ကိုရေး. . ၊

ဒီစက်ရဲ့ အစွမ်းက ကာယသိဒ္ဓိ၊ ဝိယသိဒ္ဓိ၊ မနသိဒ္ဓိတို့မှာ ဉာဏ်ရှိသလိုသုံးနိုင်တယ်၊ သိပ်ထင်ရှားစေတယ်ကွဲ့၊ ဒါ. . ဗားမဲ့ ဆရာတော်ဘုရားကိုယ်တိုင် ချီးမြင့်တဲ့အတွက် ယုံမှားသံသယ မရှိသင့်ဘူး၊ လက်မောင်းမှာမြှုပ်ရင် ကာယသိဒ္ဓိမှာ သိပ်အစွမ်းထက်သတဲ့၊ တစ်ခုပဲ. . . ပြုလုပ်သူရဲ့ သီလ၊ စရဏအားပေါ် မူတည်ပြီး အစွမ်းတွေ ကွာသွားလေ့ရှိတယ်”

သူတို့ပြန်လာတော့ ထက်ပိုင်စိတ်ထဲ ပေါ့ပါးလန်းဆန်းနေမိသည်။ လရိပ်ပြာကတော့ ကားကိုဂရုစိုက်မောင်းနေ၍ စကားမဆိုဖြစ်။ နှစ်ယောက်စလုံး ကိုယ့်အတွေးနဲ့ကိုယ် တွေးနေမိကြသည်။ ကားက ပြည်လမ်းမပေါ် ရောက်လာပြီဖြစ်သည်။

“ရပ်. . ရပ်. . လရိပ် ကားခဏရပ်ပေး”

ထက်ပိုင်က အလန့်တကြားပြောလိုက်၍ ပလက်ဖောင်းဘေးချကာ ကားကို ရပ်ပေးလိုက်သည်။

“ဘာဖြစ်လို့လဲ ကိုထက်”

သူ့အမေးကို ထက်ပိုင်က မဖြေဘဲ အပြင်ကို ပါးစပ်အ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသားဖြင့် ကြည့်နေသည်။

ထက်ပိုင် ကြည့်နေသည်က ဟိုဘက်ပလက်ဖောင်းယာဉ်ကြောကိုဖြစ်သည်။ သမီးရည်းစား အတွဲတစ်တွဲက မတ်တပ်ရပ်၍ စကားပြောနေကြသည်။ ထူးထူးခြားခြားမြင်ကွင်း၊ ထူးထူးခြားခြား ဖြစ်ရပ်ဟူ၍ ဘာမှမရှိ။

"ကိုထက် ဘာကိုကြည့်နေတာလဲ ဘာမြင်ရလို့လဲ"

သူ့အမေးကို ထက်ပိုင် မဖြေသေး. .။

ထက်ပိုင် မြင်နေရသည်က ကားတစ်စီး. .၊ ထိုကားသည် သူ့ကားပင်ဖြစ်၏။ ကားက အကောင်းပကတိ မဟုတ်တော့. . . ကြေမွပျက်စီးနေချေပြီ။

ကားဘေးတွင် အမျိုးသမီးတစ်ဦးက သွေးအိုင်ထဲ လဲကျနေသလို ကလေးမလေး တစ်ယောက်မှာလည်း ခွေခွေလေး လဲနေလေသည်။ ထိုကလေးသည်လည်း လှုပ်ရှားမှု တစ်စုံတရာ မရှိတော့။

အံ့သြစရာ အကောင်းဆုံးတစ်ချက်မှာ သူ့ကိုယ်သူပြန်မြင်နေရခြင်းဖြစ်၏။ ထိုသူသည် ယူကျုံးမရစွာဖြင့် သမီးနှင့် ဇနီးသည်ကို ပွေ့ထူရန် ကြိုးစားနေသည်။ ပါးစပ်မှလည်း တကြော်ကြော်အော်နေသည်။

သူ့မှာလည်း ဒဏ်ရာတွေကအပြည့်ဖြစ်၏။ သူ့ဦးခေါင်းမှ သွေးတွေက တတောက်တောက် ယိုစီးကျနေသည်။ သို့သော်သူ ဒဏ်ရာကို အမှုမထားနိုင်၊ ရှိသမျှ လက်ကျန်ခွန်အားဖြင့် ဇနီးသည်နှင့် သမီးကို ပွေ့ထူနေ၏။

ဒါကို ကားထဲမှ ထက်ပိုင် အစအဆုံးမြင်နေရသည်။

www.burmeseclassic.com



"ကိုထက်. . ကိုထက် ဘာဖြစ်တာလဲ"

လရိပ်ပြာက အစ်ကိုဖြစ်သူကို ဆွဲကိုင်လှုပ်ခါ၍ ပြောတော့မှ သူ သတိပြန်ဝင်လာခဲ့သည်။ အိပ်မက်တစ်ခုမှ နိုးထလာသည့်နှယ် ထက်ပိုင် ကြောင်တောင်တောင် ဖြစ်နေတော့သည်။

အိပ်ရောက်တော့. . ဆေးတိုက်ကာ သူ့အစ်ကိုကို သိပ်ရသည်။ အိပ်ပျော်သွားမှ စိတ်ချစွာ သူမ ထွက်လာခဲ့လိုက်သည်။

"အဟင့်. . အဟင့်"

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်နှင့် ထိုအသံကို စကြားရတော့သည်။

ထက်ပိုင် နိုးသွားကာ ကုတင်ပေါ် ငေါက်ခနဲ ထထိုင်လိုက်၏။ အသံက ကုတင်ခြေရင်း နံရံဆီမှဖြစ်၏။ နရံနားလျှောက်သွားကာ နားစွင့်ကြည့်သည်။ ဒီတော့ စောစောက အသံမှာ တိခနဲ ရပ်သွားလေသည်။

ကုတင်ဆီပြန်ရန် ထက်ပိုင်လှည့်လိုက်သည်နှင့်. . . ခြေထောက်အား တစ်စုံတစ်ခုက ဖမ်းဆွဲထားလေပြီ. . ။

"ဟင်. . "

လှည့်ကြည့်တော့ နံရံထဲမှထွက်နေသော ဖြူဖြူဖွေးဖွေး လက်နှစ်ဖက်. . ၊ ခြေထောက်ကို အတင်းရုန်းကာ ထက်ပိုင်ပြန်ဆွဲသည်။

သူပြန်ဆွဲလေလေ နံရံထဲမှအရာက တဖြည်းဖြည်း ထွက်လာလေ ဖြစ်နေသည်။

နောက်ဆုံး. . ဖမ်းဆွဲထားသော အရာတစ်ကိုယ်လုံး အ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ရောက်လာသည်တွင်. . သူချစ်ဇနီး နှင်းသက် ဖြစ်နေတာကို အံ့ဩစွာ တွေ့လိုက်ရတော့သည်။

"မောင်. . သက်တို့သားအမိကို ကယ်ပါအုံး၊ သက်တို့ ဘယ်မှသွားလို့မရဘူးဖြစ်နေတယ်"

"အား. ."



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၅)

**ထက်**ပိုင် အခြေအနေက မသက်သာဘဲ တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာသည်မို့ ဆရာမကြီးကို အိမ်သို့ပင့်ဖိတ်ရသည်။

"အခုကိစ္စက နည်းနည်းထူးဆန်းနေပြီ၊ ဒီမကောင်းဆိုးဝါးတွေက သူ့သဘောနဲ့သူ ဒီလောက်အထိ မနှောင့်ယှက်နိုင်ကြဘူး၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်တွေ၊ ရွာပိုင်ကွင်းပိုင်၊ နယ်ပိုင်တွေ ရှိလျက်နဲ့ ဒီလောက်ထိဖြစ်နေပုံထောက်ရင် သူတို့အင်အားက အ


www.burmeseclassic.com

www.burmeseclassic.com


တော်ကြီးလိမ့်မယ်"

ဆရာမကြီးက ဘုရားစင်တွင် ဖယောင်းတိုင်သုံးတိုင်နှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိ၍ ဘုရားရှိခိုး၏။ ပြုလုပ်သင့်သော ပရိက်များကို အစီအစဉ်အတိုင်း ပြုလုပ်၏။ ထို့နောက်တွင်မှ ထက် ပိုင်ကို ဘုရားခန်းတွင် ထိုင်စေသည်။

ဂါထာမန္တာန်များကို တတွတ်တွတ်ရွတ်ရင်းမှ ဆရာမကြီး က ထက်ပိုင်၏ ငယ်ထိပ်မှနေ၍ လက်ဝါးနှင့် သပ်ချသည်။

"ကဲ. . မင်းက ဟိုဘက်လှည့်ပြီးထိုင်လိုက် ဘုရားကို ကျော ပေးပြီးထိုင်လိုက်၊ အေး. . ဟုတ်ပြီ ခြေထောက်နှစ်ဖက် ဆန့်ထုတ် ထားရတယ်၊ အားမနာနဲ့ ခြေဆန့်ပြီးထိုင်. . ခြေနှစ်ဖက်ကို ပူးထား လက်အုပ်ချီထား. . ဟုတ်ပြီ"

ဆရာမကြီးက ဘုရားရှင်ဘက် လက်အုပ်ချီလိုက်ပြီးမှ. . .

"ကဲ. . အာယုအသက် သုံးဆယ့်ခြောက်နှစ်ရှိ စနေသား ဖြစ်သူ မောင်ထက်ပိုင်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ဆရာမကြီးကို အပ်ပါသလား"

"အပ်ပါတယ် ဆရာမကြီး"

"ကောင်းပြီ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ မာတာ ပိတုဂုဏ်၊ အာစရိယဂုဏ်တော်တို့နှင့်တကွ ဘိုးတော်သကြားမင်း လောကပါလနတ်မင်းကြီးလေးပါးနှင့်တကွ ထွက်ရပ်ပေါက် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ပေါက်ဆရာကြီးများ၏ အာစက် လျှာစက် သိဒ္ဓိစက်များ ကြောင့်. . . . . . . ."

ဆရာမကြီး၏ အသံက ဘုရားခန်းထဲဟိန်း၍ ထွက်ပေါ်


www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ဌာန်ကရိုဏ်းကျကျ၊ မာန်ပါပါ ဟန်ပါပါရွတ်ဆိုနေသည်။

ဆရာမကြီးသည် အင်းများ စီရင်ရေးဆွဲထားသော သစ်သားခါးမြှောင်လေး တစ်ချောင်းထုတ်၍ မန္တာန်များ မန်းမှုတ်နေပြန်သည်။

ထို့နောက် ထိုသစ်သားခါးဖြင့် ထက်ပိုင်၏ ဦးခေါင်းငယ်ထိပ်မှ ခြေဖျားအထိ တဒုတ်ဒုတ်ခုတ်၍ ဆွဲချနေ၏။ ဥုံ. . ဥုံ. . ဟူ၍ မန္တာန်ရွတ်သံကမူ ပြတ်တောက်သွားခြင်းမရှိ။

ထိုသို့ပြုလုပ်နေစဉ် ဆရာမကြီး၏ ခန္ဓာကိုယ်မှာ နတ်ပူးသကဲ့သို့ တဆတ်ဆတ် တုန်နေသည်ကို လရိပ်ပြာတို့ သတိထားမိကြသည်။ ထို့အတူ မျက်စိမှိတ်၍ လက်အုပ်ချီကာ ခြေနှစ်ဖက်ကို ဆန့်တန်းထိုင်နေသော ထက်ပိုင်မှာလည်း ဆတ်ခနဲဆတ်ခနဲ တုန်ခါနေသည်ကို တွေ့နေကြရသည်။

"သမီးတို့အိမ်မှာ သံပုရာသီး ရှိလားကွဲ့"

"ဟုတ်. . ဟုတ်ကဲ့ ရှိပါတယ် ဆရာမကြီး"

"အေး. . နှစ်ခြမ်းခြမ်းပြီး ယူခဲ့"

"ဟုတ်ကဲ့"

ဆရာမကြီးက ဆေးကုသပေးသော သစ်သားခါးမြှောင်ပေါ်သို့ သံပုရာသီးစိတ်ကို ညှစ်ချလိုက်သည်။ ထို့နောက် တစ်ရှူးဖြင့် သုတ်ပြီးမှ အဆိုပါခါးကို ကတ္တီပါအိပ်လေးထဲသို့ တရိုတသေပြန်ထည့်လိုက်သည်။

"စက်ကြိုးတွေ အကုန်ဖြတ်ပြီးသွားပြီ"

"ဟုတ်. . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် . . နည်းနည်းတော့ ဆန်းနေသလိုပဲ . . ၊ ခါးက ပြန်ပြန်ကန်နေတယ်၊ အမှောင့်စွမ်းအားက တော်တော်ကြီးတာပဲ"

ဆရာမကြီးက တစ်ယောက်တည်း သူ့ဘာသာပြောနေသလို ခပ်ညည်းညည်းဆိုရင်း ပစ္စည်းများကို သိမ်းဆည်းနေသည်။ တဆက်တည်းမှာ ရွှေရောင်အလိပ်လေးတစ်ခုကို ပိုးကြိုးအနီဖြင့် ထိုး၍ လက်ဖွဲ့ပြုလုပ်နေပြန်သည်။

"ဒီလက်ဖွဲ့ကို ကာယကံရှင်ရဲ့ လည်ပင်းမှာ ဆွဲထားပေးရမယ်"

"ဟုတ်"

လရိပ်ပြာက ဆရာမကြီးလှမ်းပေးသော လက်ဖွဲ့ကိုယူ၍ ထက်ပိုင်၏လည်ပင်းတွင် ဆွဲရန်ပြင်လိုက်စဉ်မှာပင် . .

"ဖြန်း . ."

"အမေ့ . ."

"ဟာ . ."

လရိပ်ပြာ၏ လက်ဖွဲ့ကိုင်ထားသောလက်ကို တစ်စုံတစ်ယောက်က ဖြတ်ရိုက်ခြင်း ခံလိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲ"

"သမီးလက်ကို လာပုတ်ထုတ်လိုက်သလိုပဲ"

လရိပ်ပြာက လက်ဖွဲ့ကိုပြန်ကောက်ရန်ပြုတော့ ဆရာမကြီးက တားမြစ်လိုက်သည်။

"မကောက်နဲ့တော့သမီး၊ သန့်တဲ့နေရာမှာသာ သွားစွန့်လိုက်တော့၊ ဒီလက်ဖွဲ့က ပြန်သုံးလို့မရတော့ဘူး၊ မအောင်တော့


www.burmeseclassic.com

www.burmeseclassic.com



ဘူး. . အနှောင့်ယှက်ခံလိုက်ရပြီ”

ဆရာမကြီးက စိတ်မကောင်းသောလေသံဖြင့် ပြောပြသည်။ ထို့နောက် ထက်ပိုင်ဘက်လှည့်ကာ. .

“မင်း လက်ဝါးဖြန့်ပြီး လက်နှစ်ဘက်ကို ရှေ့ထုတ်လိုက်. .”

ဆရာမကြီးက ထက်ပိုင် လက်ဝါးနှစ်ဘက်ကို ပူးကိုင်လိုက်ကာ. . ခေတ္တမျှငြိမ်သွား၏။ သိပ်မကြာလိုက် ဆရာမကြီးကိုယ်ထဲသို့ တစ်ခုခု ပူးဝင်လာသလို တုန်ခါလာသည်။

သို့သော် လက်ကတော့ ဆုတ်ထားမြဲဖြစ်သည်။ ထက်ပိုင်ကြည့်နေရင်းက ဆရာမကြီးမျက်နှာမှာ ဇနီးသည် သက်အဖြစ်ပြောင်းလဲသွားလေသည်။ ထို့နောက် ငိုသံပါကြီးနှင့်. .

“မောင်. . သက်တို့ သားအမိကို လာကယ်ပါအုံး”

ထိထားသော လက်ဖဝါးနှစ်ခုကြားမှ အငွေ့များ ထွက်လာလေပြီ။ ဆရာမကြီးအဖြစ် ပြန်ပြောင်းသွားချိန်တွင်တော့. .

“အား. .”

ဆရာမကြီး တစ်ကိုယ်လုံးလည်း ကြာပွတ်နှင့်ရိုက်ခံရသလို အစင်းရာများ ထင်လာလေတော့သည်။

“အား. .”

ထိုသို့အော်ရင်း ဆရာမကြီး နောက်သို့ပစ်လဲကျသွားတော့သည်။

“ကျွတ်. . ကျွတ်. .”

အားယူပြန်ထလာသော ဆရာမကြီးက. . လာတုန်းက ပါလာခဲ့သော လက်ဆွဲအိတ်အကြီးကြီးကို ဆွဲယူကာ ပစ္စည်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်လိုက်သည်။

ထိုအရာက အီဂျာဘုတ် (Ouija Board) ဟုခေါ်သော ဘုတ်ပြားတစ်ခုဖြစ်၏။

ထိုဘုတ်ပြားကို ထက်ပိုင်ရှေ့ချကာ. .

"ယခု မောင်ထက်ပိုင်အား နှောင့်ယှက်နေကြသော. . မကောင်းဆိုဝါးများအားလုံး လာပြောနိုင်တယ်"

ထိုစဉ် အီဂျာဘုတ်ပြားကြီး လှုပ်လာလေတော့သည်။ ဘုတ်ပြားပေါ်က ကျောက်တုံးလေး. . စာလုံးတွေဆီ သူ့အလိုလို ရွေ့သွားကာ အရင်ဝင်လာသူက ပြောလေသည်။

ငိုသံပါကြီးနှင့်. .

"သက်တို့သားအမိနှစ်ယောက် ရောက်နေတဲ့နေရာက သိပ်မှောင်တာပဲ၊ မှောင်မိုက်ရုံတင်မကဘူး အတွင်းလှိုက်ပြီး ပူလောင်ခြင်းမျိုးတွေ ခံစားနေရတယ်"

အီဂျာဘုတ်တွင် ဝင်လာသူက သူ၏ခံစားချက်များကို ပြောပြနေလေသည်။

"သက်တို့သားအမိ အရင်ဘဝက ဘာတွေလုပ်ခဲ့မိလို့လည်း မသိဘူး အကုသိုလ်အပြစ်ပေးတာ ခံနေရပြီနဲ့တူတယ်"

"သက်ရယ်"

ထက်ပိုင် စာလုံးများကိုကြည့်ရင်း မျက်ရည်တွေ ပိုးပိုးပေါက် ပေါက်စီးကျလာတော့သည်။

"သက်တို့ သားအမိနှစ်ယောက် မောင့်ဆီကို မနည်းရောက်အောင် လာခဲ့ရတာ. . ၊ သက်တို့ ဝိညာဉ်တံခါးဝကို ဖြတ်လို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ် မောင်၊ ဝိညာဉ်တံခါးဝမှာ ကယ်ကြပါလို့ အော်နေတဲ့ နိန်ရဲ့ အကောင်တွေလည်း အများကြီးပဲ. . ၊ သက်မြင့်ဖူးသမျှထဲမှာ သူတို့က ကြောက်စရာအကောင်းဆုံးပဲ၊

သူတို့ သက်တို့သားအမိကို လိုက်ဆွဲနေတယ်၊ ကယ်ပါအုံး မောင်ရယ်၊ အမလေး. . လာနေကြပြီ. . သက်တို့ဒီဘဝက လွတ်မြောက်နိုင်ပါတော့မလား"

ထိုသို့ပြောနေစဉ် အခန်းထဲ ထက်ပိုင်၏ငိုသံကြီး ထွက်ပေါ်လာလေသည်။

"သက်. . သက်လား. . သက်ရှိရင် တခုခုကိုယ့်ကိုလုပ်ပြပါလားကွာ"

ထိုစကားအပြီး အခန်းထဲ အရာအားလုံးက တိတ်ဆိတ်သွားတော့သည်။ ရုတ်တရက်. .

"ဒုန်း"

ထိုင်ခုံတစ်လုံးမှာ အလိုလိုနေရင်း လဲကျသွားလေတော့သည်။ ထို့နောက် အီဂျာဘုတ်ပေါ်မှ ကျောက်တုံးလေးရွေ့သွားတာ. .

"သက် အမြန်သွားမှရတော့မယ်. . သူတို့လာနေကြပြီ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ. . "

"န. . နဂါးတွေ"

ကျောက်တုံးလေး ရပ်သွားလေပြီ။

"ဒီဘုတ်ပြားကို အိမ်အပြင် ခနထုတ်ထားလိုက်. .

ဆရာမကြီး လှမ်းပေးသောဘုတ်ပြားကို လရိပ်ဖြာ လှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်အပြင် ထုတ်ထားလိုက်ရသည်။

"အနှောင့်ယှက်က သိပ်ကြီးနေပြီ၊ ဒင်းတို့အဆင့်က မသေး ဘူး၊ သမီးတို့ကို အဘတစ်ယောက်ဆီ လွှဲပေးရတော့မယ်၊ ဆရာမရဲ့ ဆရာဆိုလည်း မမှားဘူး၊ အဲဒီအဘက အသက်ခုနစ်ဆယ်ကျော်ပြီ"

"သူက ဘယ်မှာလဲ"

"တောင်တွင်းကြီးနားက ရွာတစ်ရွာမှာ မထင်မရှားနေ တယ်၊ ဒီပညာနဲ့လည်း စီးပွားမရှာဘူး၊ ဒီလိုပညာတွေ တတ်တယ်လို့ လဲ ဘယ်သူမှမသိကြဘူး၊ အသက်ခုနှစ်ဆယ်ကျော်ဆိုပေမယ့် လူ ရွယ်တွေလို သန်တုန်း. . မြန်တုန်း. . ကျန်းမာတုန်းပဲ. .၊

လိပ်စာလမ်းညွှန်အတိအကျနဲ့ စာတစ်စောင်ရေးပေးလိုက် မယ်၊ သားတို့ရောက်အောင်သွားပါ၊ ဆရာမရဲ့ ရင်ထိုးလေးပါ ပေး လိုက်မယ်၊ အဘကို ပြလိုက်. . သူ ကူညီလိမ့်မယ်၊ သူ့နာမည်က ဦးဒေဝတဲ့"



www.burmeseclassic.com

www.burmeseclassic.com




# အခန်း (၁၆)

ရာသီဥတုသာယာသော မနက်စောစောမှာပင် ခရီးစထွက်လာခဲ့ကြတော့သည်။ တောင်တွင်းကြီးသို့ ညနေစောင်းလောက်မှရောက်သည်။ မေးမြန်းစုံစမ်းရင်း ဦးဒေဝအိမ်သို့ ရောက်လာခဲ့ကြသည်။

အိမ်မှာ ရေနံချေးသုတ်ထားသော ခြေတံရှည် ပျဉ်ထောင်အိမ်ဖြစ်၏။ ခြံပတ်လည်တဝိုက်တွင် အရိပ်ရ အပင်ကြီးများက ပတ်


www.burmeseclassic.com

www.burmeseclassic.com


လည်ပိုင်းကာသား၍ အေးချမ်းတိတ်ဆိတ်နေ၏။

အိမ်ပေါ်တက်သွားသည်နှင့် ဆေးပြင်းလိပ်တစ်လိပ်ကို ဖွာရှိုက်ရင်း ကျမ်းစာအုပ်အဟောင်းတစ်အုပ်အား စိတ်ဝင်တစား ဖတ်နေသော ဦးဒေဝကို အခန့်သားတွေ့ရသည်။

"ဘယ်သူတွေများလဲ. ."

ထက်ပိုင်နှင့် လရိပ်ပြာက ဦးဒေဝဆိုသူကို လက်အုပ်ချီကာ ဂါရဝပြုလိုက်သည်။

"ဘာကိစ္စများလဲ"

ဆရာမကြီးပေးလိုက်သော ရင်ထိုးနှင့် စာတစ်စောင်ကို တရိုတသေ ပေးလိုက်သည်။ ဦးဒေဝသည် စာကိုသေချာစွာဖတ်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

"အင်း. . . မောင်ရင့်အဖြစ်က အံ့ဩစရာပါလား၊ ဝိဉာဉ်လောကဆိုတာ အင်မတန်ရှုပ်ထွေးလှပါတယ်"

"အဘ. . . သမီးအစ်ကို ဖြစ်ပျက်နေတာတွေ ပျောက်အောင်ကုပေးလို့ရပါသလား"

လရိပ်ပြာက လိုရင်းကို မကွယ်မဝှက်မေးလိုက်ရာ ဦးဒေဝက တစ်ချက်မျှစဉ်းစားပြီးနောက်. . .

"ကုပေးနိုင်တယ်လို့ ဆိုရမှာပေါ့၊ ဒါပေမယ့်. . အဘတစ်ယောက်တည်းနဲ့ မရဘူး. . ကာယကံရှင်ကိုယ်တိုင် လုပ်ရမှာ. ."

ဦးဒေဝက ထက်ပိုင်လက်တွင်ဝတ်ထားသော လက်စွပ်ကို ကြည့်ကာ. .

"မောင်ရင် မသေသေးတာ ဒီလက်စွပ်ကြောင့်၊ မောင်ရင်


www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတာ ရိုးရိုးလက်စွပ်မဟုတ်ဘူး၊ အဂ္ဂိမ္မခ နဂါးအမြှုတေပဲကွ၊ မင်းရောက်လာတာလဲ အတော်ပဲ မင်းအတွက်က အချိန်သိပ် မကျန်တော့ဘူး၊ မင်းရဲ့ခန္ဓာကို မင်းရဲ့ဝိညာဉ်က ခွာနေပြီလေ"

ထက်ပိုင် ခေါင်းသာညိမ့်ပြလိုက်ရသည်။

"အဘ ကယ်ပေးရမှာ အသက်သုံးချောင်း ဖြစ်နေတယ်. . မင်းရယ်. . ၊ သေသွားတဲ့ မင်းမိန်းမနဲ့ သမီးလေးရယ်"

"ဗျာ. . ကျွန်တော့်မိန်းမနဲ့ သမီးလေး"

"ဟုတ်တယ်. . ဒီလက်စွပ်ကြောင့်ပဲ ဘဝမကူးနိုင်ဘူး ဖြစ်နေတာပေါ့၊ ဆိုလိုတာက ဝိညာဉ်တံခါးဝကို သူတို့ ဖြတ်လို့မရဘူး ဖြစ်နေတယ်၊ ဝိညာဉ်ဘဝနဲ့ တဝဲလည်လည်ဖြစ်နေတာကြောင့် မင်းကို အကူအညီလာတောင်းနေတာပေါ့၊ မောင်ရင်. . ဒီလက်စွပ်ကို ဘယ်ကရခဲ့တာလဲ"

"ဗိဿနိုးမြို့ဟောင်း တူးစဉ်ကပါ"

ဦးဒေဝ ဆေးတံကို မီးညှိရှိုက်ဖွာလိုက်ရင်း. .

"ဗိဿနိုးမြို့ဟောင်းရှိတဲ့ ဒီတောင်တွင်းကြီးမြို့ကို ရှေးက အရံမြို့ (၁၃)မြို့နဲ့ ဝန်းရံထားတယ်၊ မင်းတို့ဗဟုသုတရအောင် အဘ ပြောပြမယ်"

(၁) ငမင်မြို့ (မြို့အရှေ့ဘက်တွင်ရှိ၏။ ယခုနတ်ဝှက်ထား၍ မတွေ့နိုင်ပါ။)

(၂) စစ်တားမြို့ (မြို့တောင်ဘက်တွင်ရှိ၏။ လူနေနည်းပါးသည်။)

(၃) ဗိဿနိုးမြို့ (မြို့အနောက်ဘက်တွင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပျက်ဖြစ်ပြီး လူမနေပါ)

(၄) လူလင်မြို့ (မြို့မြောက်ဘက်တွင်ရှိပြီး လူနေသည်။)

(၅) နတ်မောက်မြို့ (မြို့မြောက်ဘက်တွင်ရှိ၍ လူနေသည်။)

(၆) မြို့သစ်မြို့ (မြို့မြောက်ဘက်တွင်ရှိ၍ လူနေသည်။)

(၇) ရန်ကာမြို့ (မြို့မြောက်ဘက်တွင်ရှိ၍ လူနေသည်။)

(၈) ပတ္တနဂိုရ်မြို့ (မြို့အနောက်ဘက်တွင်ရှိ၍ လူနေသည်။)

(၉) ဝါးနွယ်ကုန်းမြို့ (မြို့အရှေ့ဘက်တွင်ရှိ၍ လူနေသည်။)

(၁၀) တောင်ခွင်းမြို့ (မြို့အနောက်ဘက်တွင်ရှိ၍ လူနေနည်းပါးသည်။)

(၁၁) ပင်းမြို့ (မြို့မြောက်ဘက်တွင်ရှိ၍ လူနေနည်းပါးသည်။)

(၁၂) ကျောက်ပန်းတောင်းမြို့ (မြို့မြောက်ဘက်တွင်ရှိ၍ လူစည်ကားဖွံ့ဖြိုးသည်။)

(၁၃) ပုပ္ပါးမြို့ (မြို့မြောက်ဘက်တွင်ရှိ၍ လူအသင့်အတင့်ရှိသည်။)

"အဲဒီထဲက 'ငမင်မြို့' ဆိုတာဟာ နတ်ဝှက်ထားလို့ လူမတွေ့နိုင်ဘူး၊ ဆိုလိုတာက မရှိဘူးမဟုတ်ဘူး. . ရှိနေတယ်၊ သာမန်လူတွေ မမြင်နိုင်ဘူး၊ ဒါပေမယ့် အခုလက်ရှိအချိန်မှာတော့ ဒီမြို့ဟာ လူမနေတဲ့ မြို့ပျက်ဖြစ်နေပြီ၊ အဲဒီမြို့ပျက်ရဲ့ တစ်နေရာမှာ ကျောက်ဂူကြီးတစ်ခုရှိတယ်၊ အဲဒီဂူကြီးက ဝိညာဉ်တံခါးဝပဲ မောင်ရင်၊

တစ်ခုရှိတာက. . အဲဒီ ကျောက်ဂူကြီးအနားမှာ ရွာပျက်ကြီးတစ်ရွာရှိတယ်၊ အဲဒီရွာက လောင်မီးကျလို့ တစ်ရွာလုံး သေသွားကြတဲ့ရွာ၊ သူတို့အားလုံးက ဒီဝိညာဉ်တံခါးဝကိုစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ. .၊ သူတို့က တစ်ကိုယ်လုံးမီးလောင်ဒဏ်ရာတွေနဲ့ဆို တော့ ငရဲသားတွေနဲ့ သွားဆင်နေတယ်"

ထက်ပိုင် နားထောင်ရင်း ခေါင်းတညိမ့်ညိမ့်ဖြင့်. .

"သိပြီ. . သိပြီ. . သူတို့ကို ကျွန်တော်မြင်ဖူးတယ်"

"မြင်ဖူးမှာပေါ့. . သူတို့အားလုံးလည်း ကျွတ်လွတ်ချင်နေကြပြီလေ. ."

ဦးဒေဝ သက်ပြင်းရှိုက်လိုက်ရင်း. .

"မင်း ဒီအမြူတေလက်စွပ်ကို ကျောက်ဂူထဲမှာ ပြန်ထားရလိမ့်မယ်၊ ဒါဆိုရင် မင်းရဲ့ဝိညာဉ်က မင်းရဲ့ခန္ဓာကို ပြန်ကပ်သွားလိမ့်မယ်. .၊ ပြီးတော့ မင်းမိန်းမနဲ့ မင်းရဲ့သမီးလေး. . နောက်ပြီး ကျွတ်တမ်းဝင်ချင်နေတဲ့ တစ်ရွာလုံး မင်းကို စောင့်နေကြတယ်၊ မင်းကုသိုလ်တွေ အများကြီးရမှာပါကွာ၊

အခုလောလောဆယ် မင်းကိုပြောချင်တာက မင်းရဲ့မျက်နှာကို ဟောဟိုမှာချိတ်ထားတဲ့မှန်မှာ သွားကြည့်လိုက်ပါ၊ တစ်ခုခုကို မင်း သဘောပေါက်သွားလိမ့်မယ်"

"ဗျာ!. ."

လရိပ်ပြာက သူ့ကိုတွဲထူပေး၍ ထက်ပိုင်လည်း မှန်ရှေ့သွားရပ်ကာ သူ့ရုပ်ကိုကြည့်လိုက်မိသည်။

"ဟင်"

သူ့မျက်နှာက လူသေကောင်မျက်နှာလို ဖြစ်နေ၏။

မျက်နှာကိုင်ကြည့်တော့လည်း အသားအရည်က တင်းတင်းရင်းရင်းမရှိတော့. .၊ အသားလွှာများသည် ခြောက်ကပ်အားစက်၍



www.burmeseclassic.com

www.burmeseclassic.com



သက်ရှိလူသားတစ်ယောက်နှင့်ပင် မတူတော့ပေ။ ကြည့်နေရင်း ပုံရိပ်က မှိန်ဖျော့ပျောက်ကွယ်လုနီးပါး ဖြစ်သွားသည်။

ဦးဒေဝ၏အသံက နောက်မှထွက်လာ၏။

"မင်းရဲ့ အာယုဇီဝကမ္မချုပ်တော့မယ့် ပုဗ္ဗနိမိတ်လက္ခဏာပေါ့။ မင်းအနေနဲ့ လူ့လောကမှာ နောက်ထပ်ခုနစ်ရက်အထိပဲ အသက်ရှင်နိုင်တော့မယ်"

လရိပ်ပြာမှာ သူသိချင်သည့်ကိစ္စကို ဖြတ်၍မေးလိုက်သည်။

"စောစောကပြောတဲ့ အသူရကယ်ဘုံရွာကြီးက ဘယ်လိုဖြစ်လာတာလဲ အဘ"

လရိပ်ပြာစကားကြောင့် ဦးဒေဝ ငေးမှိုင်သွားပြီး အဝေးသို့ ငေးမျှော်နေတော့သည်။ သူ၏စိတ်အာရုံတို့မှာလည်း လွန်ခဲ့သော အတိတ်ကာလတစ်ခုသို့ ပြန်ရောက်သွားပုံရ၏။ လွှမ်းဆွတ်ကြေကွဲသော အရိပ်အယောင်များကလည်း ဦးဒေဝ၏မျက်နှာတွင် ထင်ဟပ်နေသည်။ အတော်လေးကြာမှ သူ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်ရင်း. .

"အမှားတစ်ခုကြောင့် တစ်ရွာလုံး စတေးခံဘဝ ရောက်သွားရတယ်၊ နတ်နဲ့နဂါး မလှည့်စားနဲ့လို့ဆိုတာ တကယ်ပဲ၊ သူတို့ဟာ နဂါးကို လှည့်စားရုံတင်မကဘူး ဒုက္ခပေးခဲ့လို့ နဂါးမာန်သင့်ပြီး လောင်မီးတိုက်ခံရတာပါ၊ အဖြစ်ပျက်က ဒီလိုကွဲ့. . . ."

ဦးဒေဝပြောပြသော အဖြစ်ပျက်ဇာတ်လမ်းကို နားထောင်အပြီးမှာတော့ နှစ်ယောက်စလုံး အံ့သြတကြီး ဖြစ်သွားကြရသည်။

"ဒါ. . ဒါဖြင့် အဲဒီတုန်းက နဂါးအမြှုတေရှာဖို့ ကြိုးစားတာ



www.burmeseclassic.com

www.burmeseclassic.com


အဘကိုယ်တိုင်ပဲပေါ့"

"ဟုတ်တယ်၊ တစ်ရွာလုံးသေဆုံးရတဲ့ အဓိကတရားခံဟာ အဘပဲ၊ ဒါပေမယ့် အဘတစ်ယောက်တည်းမသေဘဲ လွတ်မြောက်ခဲ့ရတယ်"

"နောက်တစ်ခုက ဝိညာဉ်တွေဟာ သူတို့ပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်အတိုင်း ဘုံဘဝသစ်မှာ ခံစားစံစားကြရတယ်၊ တချို့က လည်း ချက်ချင်း၊ တချို့ကလည်း နှစ်ပေါင်းများစွာကြာတဲ့အထိ ဘုံအသစ်ကိုမရောက်ဘဲ ဝိညာဉ်ဘဝနဲ့ တဝဲဝဲလည် ဖြစ်နေတတ်တယ်၊

ဒါလည်း ဝဋ်ကြွေးဒုက္ခတစ်မျိုးပဲပေါ့၊ ဒီလိုဝိညာဉ်ဘဝ ရောက်သူတွေဟာ နေရာတစ်ခုကို မလွဲမသွေ သွားကြရတယ်၊ ဒီနေရာကို ရောက်အောင်ကျော်ဖြတ်ပြီးမှ မိမိသွားလိုရာကို သွားနိုင်လာနိုင်ကြတယ်"

"ဒါ ဘယ်လိုနေရာမျိုးလဲ အဘ"

"အဲဒါ ဝိညာဉ်တံခါးဝပေါ့ကွယ်"

"ဗျာ!. . ဝိညာဉ်တံခါးဝ"

"ဟုတ်တယ် ဝိညာဉ်တံခါးဝဆိုတာ ဝိညာဉ်တွေအားလုံး အတွက် အရေးပါတဲ့နေရာ၊ မလွဲမသွေ ကျော်ဖြတ်ရတဲ့နေရာပဲ၊ သက်ဆိုင်ရာနယ်မြေအလိုက် အုပ်စိုးတဲ့ နတ်မင်းတွေက သတ်မှတ်ပေးထားတဲ့ နေရာတစ်ခုပေါ့၊ လူသားတွေနဲ့တော့ မဆိုင်ဘူး"

"ဒီဝိညာဉ်တံခါးဝက ဘယ်လိုနေရာတွေမှာ ရှိတတ်သလဲ အဘ"

လရိပ်ပြာ သိချင်ဇောနှင့် ဝင်မေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပြောရရင် နယ်တိုင်းမှာရှိတယ်၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးက ချမှတ်ပေးထားပြီးသား၊ အခုဒီတောင်တွင်းကြီးခရိုင်တဝိုက်မှာတော့ ဝိညာဉ်တံခါးဝဟာ. . အခု ဆရာပြောတဲ့ အသူရကာယ်ဘုံရွာကြီးဘေးနားက ကျောက်ဂူကြီးပဲ၊ အဲဒီဝိညာဉ်တံခါးဝကိုတော့ မင်းက ဝိညာဉ်ဘဝနဲ့ အရင်ဖြတ်ရလိမ့်မယ်"

"ဗျာ!. . ဝိညာဉ်ဘဝနဲ့"



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၁၈)

"အရေးကြီးဆုံးက စိတ်ကိုစုစည်းထိန်းချုပ်နိုင်ဖို့ပဲ၊ သမာဓိတည်တယ်ဆိုတာ စိတ်ကိုအတည်ငြိမ်ဆုံးထားနိုင်တာပဲ၊ တစ်ခုမှတ်ထားရမှာက လိပ်ပြာလွင့်မယ်၊ ဒါမှမဟုတ် ဝိညာဉ်ခွာမယ်၊ ခေါမ်ခွာမယ်ဆိုတဲ့လူဟာ ဆိတ်ငြိမ်ရာမှာနေပြီး တကိုယ်လုံးက အကြောတွေကို နောက်ဆုံးအဆင့်အထိ လျှော့ချတဲ့ လေ့ကျင့်ခန်းတို့ အရင်လုပ်ရမယ်၊ တကိုယ်လုံး အကြောတွေလျှော့နေမှ လိပ်ပြာခန္ဓာက ထွက်လို့လွယ်ကူမှာကို မမေ့နဲ့၊ ပြီးတော့မှ စိတ်နဲ့ပဲ ရှိုးဆွပေးရ


www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အကြိမ်ကြိမ်အခါခါ နှိုးဆွရမှာနော်၊ စိတ်စွမ်းအား သမာဓိ ကောင်းတဲ့ သူတွေကတော့ အချိန်တိုအတွင်း လုပ်နိုင်ကြလိမ့်မယ်၊ အဲ့သလို လိပ်ပြာခန္ဓာထွက်လာရင် ကျန်ခဲ့တဲ့ ရုပ်ခန္ဓာမှာ ဇီဝကမ္မ လှုပ်ရှားမှု မရှိတော့ဘူး . ."

"ဒါဆို သေနေတဲ့အတိုင်းပဲပေါ့ အဘရဲ့"

"သေချာတာပေါ့ . သေနေတာပါပဲ၊ ခန္ဓာမှာ ဝိညာဉ်မှ မရှိတော့ပဲကိုး၊ အရေးကြီးတာက သတ်မှတ်အချိန်အတွင်း မူလခန္ဓာ ကိုယ်ထဲ ပြန်ဝင်နိုင်ဖို့လိုတယ်၊ ပြန်မဝင်နိုင်ရင် တကယ်သေတာပဲ ကွဲ့"

"ဘယ်လိုအခြေနေမှာ ပြန်မဝင်နိုင်တာမျိုး ဖြစ်တတ်သလဲ အဘ"

သူ့အတွက် အသက်တမျှအရေးကြီးသောကြောင့် ထက်ပိုင် မေးလိုက်ခြင်းဖြစ်သည်။

"မူလခန္ဓာရဲ့ချက်ကနေ ငွေကြိုးမျှင်လေးတစ်ခုဟာ လိပ်ပြာ ခန္ဓာကို ဆက်သွယ်ထားတယ်၊ နူးညံ့လွန်းအားကြီးလို့ ဒီကြိုးကို မြင် ဖို့ခဲယဉ်းတယ်၊ ဒီကြိုးဟာ ဘယ်လောက်ရှည်သလဲဆိုရင် အတိုင်း အဆမရှိဘဲ ရှည်ချင်သလောက်ရှည်နိုင်တယ်၊

အနှောင့်ယှက်တစ်ခုကြောင့် ဒီကြိုးပြတ်သွားရင် မူလခန္ဓာ ထဲ ဝိညာဉ်ပြန်မဝင်နိုင်တော့ဘူး၊ နောက်တစ်ချက်က ကြွင်းကျ ရစ်ခဲ့တဲ့ရုပ်ခန္ဓာကို တကယ်သေပြီအထင်နဲ့ တစ်ယောက်ယောက်က ထိတွေ့ကိုင်တွယ်ရင် ဝိညာဉ်ပြန်ဝင်ဖို့ ခက်သွားရော၊

ဒါကြောင့် ရှေးကဆရာကြီးတွေဟာ လျှို့ဝှက်လုံခြုံတဲ့နေရာ

www.burmeseclassic.com


မှာ သစ္စာရှိတဲ့တပည့်တွေကို စောင့်ခိုင်းကြတယ်၊ ပြီးမှ ဝိညာဉ်လွှင့်ကြတယ်၊ ပြောရရင် အိန္ဒိယဆာဒူးတွေ ဝိညာဉ်လွှင့်တာထက် တိဗက်ကုလားမားတွေက သာတယ်၊ တိဗက်ကုလားမားတွေထက် အီဂျစ်က ဖကီးတွေက ပိုသာတယ်၊ သူတို့က နှစ်နဲ့ချီပြီး ဝိညာဉ်လွှင့်နိုင်ကြတယ်"

ထိုနောက်တွင်တော့ ဦးဒေဝသည် ထက်ပိုင်အား ဝိညာဉ်လွှင့်ခြင်းကို လက်တွေ့အနီးကပ်သင်ကြားပို့ချလေတော့သည်။

*မှတ်ချက်။ ။အန္တရာယ်များသော ကိစ္စဖြစ်ပါ၍ စမ်းသပ်လုပ်ကိုင်ခြင်းမပြုရန်၊ တတ်ကျွမ်းနားလည်သော ဆရာသမား၏ အနီးကပ် ညွှန်ကြားမှုမပါဘဲ မပြုလုပ်ကြရန် သတိပေးအပ်ပါသည်။ အခန့်မသင့်က အသက်အန္တရာယ် ဆုံးရှုံးသွားနိုင်ပါသည်။*

*စိတ်ဝင်စားသူများသည် 'James M Maintok' ရေးသားသော Your Body စာအုပ်၌ လေ့လာနိုင်ပါသည်။ ထို့ပြင် "အင်္ဂလန်အောက်စဖို့ဒ် ရုပ်နာမ်သုတေသနအဖွဲ့ 'Institude of Psycho-Physical Research' စာစောင်များ၌ လေ့လာနိုင်ပါကြောင်း။ ။*

*(စာရေးသူ)*

ပင်ကိုယ်ပါရမီအခံရှိသူလည်းဖြစ်နေ၍ အခက်အခဲဒုက္ခများမှ လွတ်မြောက်လိုစိတ် ပြင်းထန်နေသော ထက်ပိုင်မှာ မိုးလင်းမှ မိုးချုပ်အထိ ဇွဲလုံ့လကြီးစွာဖြင့် ကျင့်ကြံအားထုတ်ခဲ့ရာ အောင်မြင်သောအဆင့်ကို ရောက်ရှိခဲ့သည်။

စွယ်စုံပါရမီရှင် ဦးဒေဝ၏ အနီးကပ် သင်ကြားမှုများကလည်း ရှိနေပြန်ရာ ထက်ပိုင်၏ ဝိညာဉ်လွှင့်ခြင်း အစီအစဉ်မှာ အ


www.burmeseclassic.com

www.burmeseclassic.com


ချိန်တိုအတွင်း လုပ်ဆောင်နိုင်ခဲ့သည်။

"ကဲ . . မောင်ထက်ပိုင် ဒီလောက်ဆိုရင်တော့ လုံလောက်ပါပြီ၊ ဒီတော့ ဝိညာဉ်တံခါးဝကို အရောက်သွားဖို့ ပြင်ပေတော့"

ဦးဒေဝကိုယ်တိုင် အနားမှာထိုင်ပေးနေ၍ ထက်ပိုင်လည်း ဘုရားစင်ရှေ့တွင်ထိုင်လျှက် စိတ်ကိုတည်ငြိမ်ရန် ကြိုးစားတော့သည်။ ထွက်သက်ဝင်သက်ကို အာရုံစိုက်၍ သတိကပ်ကာ ရှုရိုက်၏။ စိတ်ကူးအတွေးမှန်သမျှကို မောင်းထုတ်ပစ်ရင်း စိတ်ထဲမှာ ဗလာဟင်းလင်းဖြစ်ရန် ကြိုးစားကာ သမာဓိကို တည်ထောင်တော့သည်။

"ကဲ . . အခုချိန်ကစပြီး ဤစနေသား မောင်ထက်ပိုင်၏ ရုပ်နာမ်နှစ်ပါးလုံးကို ကာယကံရှင်ကသာ ပိုင်ဆိုင်တယ်၊ ဒါကြောင့် သူ့ခန္ဓာကို မည်သည့်နာမ်လောကသား ပရလောကသားကမှ နှောင့်ယှက်ခြင်း၊ ပူးကပ်ဝင်ရောက်ခြင်း မပြုရ"

ဦးဒေဝက ထက်ပိုင်၏ခန္ဓာကိုယ်အား လုံခြုံစိတ်ချစေရန် အတွက် အမိန့်တော်ပြန်၏။ ထိုအချိန်တွင် သမာဓိ တည်နေပြီဖြစ်သော ထက်ပိုင်၏ခန္ဓာကိုယ်မှာ လှုပ်ရှားမှုကင်းမဲ့သွားလေပြီ။

အသက်ရှူသွင်း၊ ရှူထုတ်ခြင်းပင် မသိသာတော့ . .

ထိုအခြေအနေအတိုင်း ဆယ်မိနစ်ခန့်ကြာသောအခါ . . ထက်ပိုင်၏ ခန္ဓာကိုယ်သည် နှစ်ခြမ်းကွဲထွက်လာခဲ့သည်။ တစ်ခုမှာ မူလရုပ်ခန္ဓာဖြစ်ပြီး နောက်တစ်ခုမှာ ထက်ပိုင်၏ လိပ်ပြာခန္ဓာ(ဝါ) ဝိညာဉ်ခန္ဓာပင်ဖြစ်သည်။

ခွဲခြားမရအောင်တူသော ဝိညာဉ်ခန္ဓာသည် ညင်သာစွာ ရှေ့မျှော့နေပြီးမှ အိမ်အပြင်သို့ စီးမျောလွင့်ပျံထွက်သွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရုပ်မပါသော ခန္ဓာဖြစ်၍လည်း အလွန်လျှင်မြန်ပေါ့ပါးစွာ သွားနိုင်သည်။ လေ၏လျှင်မြန်ခြင်းထက် သာပေသည်။

ကြိုတင်သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း ဝိညာဉ် လွင့်လာခဲ့ရာ စမ်းချောင်းတစ်ခုအလွန်၌ ကြီးမားသော ညောင်ပင် ကြီးတစ်ပင်သို့ ရောက်လာခဲ့သည်။

ညောင်ပင်အကျော်တွင် ရွာပျက်ကြီး . .

ထိုရွာပျက်ကြီးထဲမှ လှုပ်လှုပ်ရှားရှားသဏ္ဍာန်များကို သူ တွေ့နေရသည်။ သစ်ပင်များ၊ တောင်ကုန်းများ၊ မြေစိုင်ခဲများက လည်း မီးသင့်ထားသကဲ့သို့ . .

ထိုစဉ် . .

"အူး . . ဂရား . . အီး . . ဝူး"

သွေးပျက်ဖွယ် အော်ညည်းသံကြီးများကို ကြားလိုက်ရ သည်။ အသံနှင့်အတူ ပုံသဏ္ဍာန်အမျိုးမျိုးရှိသော ပုံမကျပန်းမကျ သူများက နေရာအနှံ့မှ ထွက်ပေါ်လာသည်။

လူဟုပြောရခက်သော အကောင်များအားလုံးသည် မီး လောင်ထားသကဲ့သို့ လောင်ကျွမ်းခံထားရဟန်တူကာ အပေါ်ယံ အရေပြားများ ကွာကျနေသည်။

တစ်နေရာအရောက်တွင် တွင်းအနက်ကြီးတစ်ခုကို တွေ့ လိုက်ရ၏။ တွင်းမှာ နက်လွန်း၍ အနက်ကိုခန့်မှန်းရန်ပင် ခက်ခဲလှ ပေသည်။ သို့သော် . . တွင်းအောက်ခြေ၌ တဟုန်းဟုန်း တောက် လောင်နေသော မီးပုံကြီးတစ်ခု ရှိနေကြောင်းကိုတော့ သိလိုက်ရပေ သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးအရှိန်မည်မျှ ပြင်းထန်သည်ကိုတော့ မသိပါ၊ သို့သော် အပေါ်တွင်းဝအထိပင် မီးအပူရှိန် လာဟပ်နေသည်ကို ထောက်၍ အတွင်း၌ တဟုန်းဟုန်း၊ တဝုန်းဝုန်း တောက်လောင်နေသောမီးမှာ အလွန်တရာ ပြင်းထန်လှကြောင်းကို ခန့်မှန်းနိုင်ပေသည်။

ဘာတွင်းကြီးလဲ. . .

ငရဲတွင်းလား၊ နဂါးခံတွင်းလားဆိုတာ ဘယ်သူမှမသိ. .။

ဆက်လျှောက်လာရာ. . ကြီးမားသော ကျောက်ဂူကြီးတစ်ခုကို တွေ့၏။ ဂူဝင်ပေါက်သည် လူတစ်ရပ်ခန့်မြင့်၍ အလွယ်တကူ ဝင်ရောက်နိုင်သော အနေအထားတွင် ရှိပေသည်။

ထူးခြားသည်မှာ ထိုကျောက်ဂူကြီး၏ ကျောက်သားများသည် အရောင်ထွက်သော သလင်းကျောက်များ ဖြစ်နေကြသလို ကျောက်ဂူကြီးထဲမှလည်း ရောင်စဉ်တန်းများ လျှံထွက်နေလေသည်။

ထူးဆန်းသောမြင်ကွင်းကြောင့် ကျောက်ဂူကြီးထဲတွင် မည်သို့သောအရာများ ရှိနေမည်ကို သိလိုစိတ်ဖြင့် ဝင်ရန်ပြင်စဉ်. .

"မောင်ထက်ပိုင် ပြန်လာခဲ့တော့. .၊ အထဲဝင်ဖို့ မလိုသေးဘူး"

www.burmeseclassic.com



# အခန်း (၁၈)

"တော်တယ်. . ၊ မင်း ပထမအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီ"

ဦးဒေဝက ထက်ပိုင်အား ဂုဏ်ယူစွာကြည့်ရင်း ချီးကျူးစကားဆို၏။ သူသည် ထက်ပိုင်၏ဝိညာဉ် ခွါသွားချိန်၌ ကြွင်းကျန်သော ရုပ်ခန္ဓာအား ပရလောကသားများ မနှောင့်ယှက်နိုင်ရန် စောင့်ကြပ်ပေးနေခဲ့သည်။

ထိုအတူ အသက်ဝိညာဉ်ဆက်ထားသော ငွေကြိုးမျှင်၏



www.burmeseclassic.com

www.burmeseclassic.com



အရောင်စွမ်းအားကိုလည်း ကြည့်နေရသည်။ ထိုငွေကြိုးမျှင်ကို လူသာမန်တို့၏ မံသစက္ခုဖြင့် ကြည့်၍မမြင်နိုင်။ ထိုကြောင့်လည်း ဦးဒေဝသည် ဒေဝစက္ခုဆေးတော်ကြီးကို မျက်စိတွင်ကွင်း၍ ကြည့်ခဲ့ရခြင်းဖြစ်သည်။

ဤဒေဝစက္ခုဆေးတော်ကြီးကို လူသားတို့၏မျက်စိတွင် ကွင်းပါက ဆယ့်ငါးမိနစ်ထက် ပို၍မရ။ သတ်မှတ်ထားသော အချိန်ပမာဏကျော်လွန်ခဲ့သော် အသုံးပြုသူ၏ မျက်ကြည်လွှာတို့ လောင်ကျွမ်းသွားပေလိမ့်မည်။ ဘယ်တော့မှ ပြန်မမြင်နိုင်သည့် မျက်ကန်းဘဝကို ရောက်သွားရပေလိမ့်မည်။ ဆေးအရှိန်ဒဏ်ကို လူသားတို့၏ရုပ်ခန္ဓာက ခံနိုင်စွမ်းမရှိသည့် သဘောပင်ဖြစ်၏။

ဝိညာဉ်လွင့်ခြင်း ပညာရပ်၌ ဝါစဉ်နုသေးသော ထက်ပိုင်မှာ အချိန်အကန့်သတ် ရှိနေသည်။ ရုပ်ခန္ဓာ ချက်မှထွက်သော ငွေကြိုးမျှင်သည် တစထက်တစ အရောင်မှိန်လာလိမ့်မည်။ စူးရှလင်းလက်သော အနေအထားမှ အားကုန်ခမ်းလာသည့်နှယ့် အရောင်ကျလာသည်။ ဒါကို သတိမပြုမိဘဲ ပြန်ရောက်မလာပါက ငွေကြိုးမျှင်လည်း ပြတ်တောက်သွားပေလိမ့်မည်။ ထိုအခါ ဝိညာဉ်သည် မူလခန္ဓာသို့ ပြန်ဝင်နိုင်ခြင်းမရှိတော့ဘဲ ခန္ဓာသေဆုံးခြင်းဘဝ ရောက်ရှိသွားမည်ဖြစ်၏။

ထို့ကြောင့် ဦးဒေဝက မနောတိုး၍ ထက်ပိုင်ကို ပြန်ခေါ်ရခြင်းဖြစ်သည်။

"ဒီဒေဝစက္ခုဆေးတော်ကြီးက စောစောကပြောခဲ့သလို ဆယ့်ငါးမိနစ်အထိပဲ သုံးခွင့်ရှိတယ်၊ ဒီထက်ကျော်သွားရင် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီ၊ မျက်စိကန်းပြီကွဲ့ အသုံးပြုပြီးရင် ပြန်ဖျက်ရမယ့်ဆေးက ဗောဓိညောင်ရဲ့ အရှေ့ဘက်သွားတဲ့အမြစ်ကို မိမိလက်ခလယ်နဲ့ လက်တဆစ်ဖြတ်ယူ နို့သာငါးပါးရေနဲ့ရော၊ ဒီဆေးနဲ့ ပြန်ဖျက်ရတယ်၊ ဒီဆေးတော်ကို မျက်စိကွင်းကြည့်လျှင် ပရလောကသားတွေကို မြင်ရတယ်"

"သီလလုံတဲ့သူဆိုရင် မြေအောက်က ပိုင်ရှင်မဲ့ရတနာပစ္စည်းတွေကို မြင်ရတယ်၊ ဒါကြောင့် သိုက်ဆရာတွေလိုချင်တဲ့ဆေးတော်ပေါ့၊ ဒိဗ္ဗစက္ခုဆိုတဲ့ နတ်မျက်စိအတိုင်း အရာရာမြင်ရတယ်၊ ဖုံးကွယ်ထားတာမှန်သမျှ မြင်နိုင်တယ်၊ ဒါကြောင့်လည်း လောင်းကစားသမားတွေလည်း လိုချင်ကြတယ်"

"ကဲ. . . အချိန်ကလည်း နည်းနေပြီ၊ မောင်ရင့်အတွက် စုစုပေါင်းသုံးရက်ပဲ အချိန်ရှိတော့တယ်၊ ဒီတော့ အဲဒီနေရာကို သွားဖို့ အမြန်စီစဉ်ကြရလိမ့်မယ်"

"ဟုတ်ကဲ့. ."

"ဒီခရီးကတော့ အန္တရာယ်များတယ် ခက်ခဲကြမ်းတမ်းတဲ့ ခရီးလည်းဖြစ်လေတော့ အဖက်ဖက်က ပြင်ဆင်ရလိမ့်မယ်၊ ထက်ပိုင်ရဲ့ရုပ်ရောနာမ်ရော နှစ်ပါးစလုံး သွားရမှာဖြစ်လေတော့ ရုပ်နာမ်နှစ်ပါးစောင့် သက်စောင့်ဆေးရုပ်ကို အမြန်စီရင်ရမယ်၊ ဒီဆေးရုပ် မရှိလို့ မဖြစ်ဘူး"

"ဒီဆေးရုပ်စီရင်ဖို့ ခက်သလား အဘ"

"နှစ်နာရီလောက်ကြာမယ်"

"ကျွန်တော့်ကို သင်ပေးပါလား. ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . လိုချင်တဲ့ သူရှိမှတော့ သင်ပေးရတာပေါ့၊ ဆိုရိုး ရှိတယ်မဟုတ်လား၊ စည်ဆိုတာ. . တီးမှမြည်၏လို့. . ဟားဟား ဟား. . "



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

မနက် နေရောင်ခြည်ပေါ်သည်နှင့် သူတို့ခရီးထွက်ခဲ့ကြသည်။ သူတို့ဆိုသည်က ဦးဒေဝ၊ ထက်ပိုင်၊ လရိပ်ပြာနှင့် မောင်သံချောင်းဆိုသော ဦးဒေဝတပည့်တို့ပင် ဖြစ်၏။

သူတို့၏ ဦးတည်ရာကား ဝိညာဉ်တံခါးပေါက်ရှိသော ငမှင်ရွာသို့ ဖြစ်၏။ တစ်နာရီကျော်ကျော်မျှ လျှောက်ပြီးချိန်မှာတော့ တောအုပ်တစ်ခုအတွင်း ရောက်လာခဲ့ကြသည်။ ကျေးငှက်သာရကာတို့၏ အသံများ၊ တောကောင်ငယ်ကလေးများ၏ လှုပ်ရှားသွား

www.burmeseclassic.com

www.burmeseclassic.com



လာသံများကို ကြားလာရသည်။ တောအရိပ်၊ တောအငွေ့မှိုလည်း အေးစိမ့်သောအငွေ့သက်များကို စတင်ခံစားကြရသည်။

အရိပ်ကောင်းကာ သစ်ပင်ကြီးများစွာ ပေါက်နေသော တောင်ကမူတစ်ခုအနီးသို့အရောက်. . ဦးဒေဝက ထက်ပိုင်အား အထုပ်လေးတစ်ထုပ် လှမ်းပေးသည်။

"ဘာများလဲအဘ"

"အကောင်းဆုံး မြွေဆိပ်ဖြေဆေးလေ၊ အခုလို တောထဲ တောင်ထဲသွားနေရင် သတိထားရဆုံးက မြွေတွေပဲ၊ ဒီအတွက် ဖြေဆေးကိုဆောင်ထားကြရတယ်"

"အဘ ဒီဆေးကို ဘယ်လိုများ ဖော်ထားတာလဲ"

"အဟက်ဟက်. . ဆေးနည်းက လွယ်ပါတယ်ကွာ. . ၊ စိန် ဆေး ကန့် ဝက်- ဒုတ် ဟင်း လက်. . တဲ့၊ ဒါအစွမ်းထက်တဲ့ မြွေဆိပ်ဖြေဆေးပဲ၊ အရေးပေါ် အသက်ကယ်ဆေးဆိုလည်း မမှားဘူး"

"အဓိပ္ပါယ်က. . ဘာလဲ"

"စိန်ဆိုတာ စိန်နီမြင်းသွား၊ ဆေးဆိုတာက ဆေးဒန်း၊ ကန့်ကတော့ ကန့်အမှုန့်ပါပဲ၊ ဝက်ဆိုတာက ဇဝက်သာကိုပြောတာ၊ ဒုတ်ဆိုတာကျတော့ ဒုတ္ထာပေါ့၊ ဟင်းကတော့ ဟင်းရိုင်၊ လက်ဆိုတာက လက်ချား၊ ဒီဆေးအမယ်အားလုံးကို အညီအမျှ အလေးချိန်တူ အမှုန့်ပြုပြီး ရောစပ်ပေါ့၊ မြွေကိုက်ခံရတာနဲ့ ရွှေးစေ့ခန့်သောက် မြွေဆိပ်ပျယ်တယ်၊ အနာပေါ် လည်း. . နည်းနည်းဖြူးပေးပေါ့"

"မှတ်ထားပါ့မယ်"

"အိမ်း. . ဒီလိုပဲ၊ အမဲတံစို့ပင်က အရွက်ကိုကြိတ်သောက်



www.burmeseclassic.com

www.burmeseclassic.com


အနာပေါ် အုံပေးရင်လည်း မြွေဆိပ်ကိုပျယ်စေတယ်၊ တောထဲက သဘာဝဆေးပင်တွေပေ့ါ၊ ဒီတောဒီတောင်ထဲသွားလာနေရသူတွေ အနေနဲ့ မလွဲမသွေ သိထားတတ်ထားသင့်တာပေ့ါကွာ"

ထိုစဉ် သစ်ပင်အကွယ်မှ ရိပ်ခနဲတွေ့လိုက်၍ ထက်ပိုင် လိုက်ကြည့်သည်။ ရိပ်ခနဲ ရိပ်ခနဲတွေက အများကြီးဖြစ်လာသည်။

"ဟင်. ."

တစ်ကိုယ်လုံးနီရဲကာ အရည်ခွံများလန်နေသော အသူရကာယ်ရွာသားများ. . ။ ဒါကို ထက်ပိုင်တစ်ယောက်တည်း မြင်နေရခြင်းဖြစ်သည်။

"သူတို့ကိုသွားမကြည့်နဲ့၊ သူတို့နားလည်း သွားမကပ်မိစေနဲ့. .၊ ဒီကောင်တွေက အစွယ်တောင်ထွက်နေကြပြီ၊ တချိန်တုန်းကတော့ အဘတို့ရွာသားတွေပေ့ါကွာ၊ နဂါး အမျက်လွတ်နေတာဆိုလို့ အဘတစ်ယောက်တည်းပဲ ရှိတယ်"

ထို့နောက် ဆက်လျှောက်လာခဲ့ရာ ကြီးမားသော ညောင်ပင်ကြီးနား ရောက်လာကြသည်။ ထက်ပိုင်မော့ကြည့်တော့ ညောင်ပင်ပေါ်မှာ တွဲလောင်းကျနေသော အသူရကာယ်သားတွေကအပြည့်. .

"နေရောင်ထဲကပဲလျှောက်. . အရိပ်ထဲကမလျှောက်နဲ့၊ သူတို့က နေရောင်ကိုကြောက်ကြတယ်"

ဦးဒေဝ သတိပေးစကားကြောင့် နေထိုးနေသည့် လမ်းကြောင်းအတိုင်း သူလျှောက်ရသည်။ တစ်နေရာအရောက် သူတို့အားလုံး၏ခြေထောက်များ ရပ်တန့်သွားကြသည်။

ထက်ပိုင်ကတော့ ထိုနေရာကို ကောင်းစွာသိနေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဝိညာဉ်ခန္ဓာနှင့် လာခဲ့တုန်းကဖြစ်၏။ ထိုနေရာက အသူရကာယ် ရွာပျက်ကြီးပင်တည်း။ လူသူတစ်ယောက်မှမရှိသလို ယိုယွင်းပျက်ဆီးနေသော တဲများကအပြည့်. .

"ဒီရွာကိုဖြတ်ပြီးရင် ဝိညာဉ်တံခါးပေါက်ရှိတဲ့ ကျောက်ဂူကြီးဆီရောက်ပြီ"

ရွာလမ်းလေးအတိုင်း သူတို့လျှောက်လာခဲ့ကြသည်။ ရွာလမ်းတစ်လျှောက် အသူရကာယ်သားတွေ သူ့ကိုဆီးကြိုနေ၏။

ဦးဒေဝက ထက်ပိုင်၏အနောက်မှကပ်လိုက်ကာ အရာရာကို သတိနှင့်စူးစမ်းနေသည်။

ထက်ပိုင်လျှောက်နေရင်း မိုက်ခနဲဖြစ်ကာ အရိပ်ထဲသို့ လဲကျသွား၏။ ထိုစဉ်. . .

"ဂီး. . ဂူး. . ဂါး. ."

"အား. ."

သူ့ကို ဝိုင်းဆွဲကြကုန်တော့သည်။ ခြေထောက်ကို ကိုက်သူကကိုက်၊ လက်မောင်းကို ဆွဲသူကဆွဲနှင့်. . သူတို့အသားနှင့်ထိသော နေရာတိုင်း မီးခဲလိုပူလောင်သွား၏။

ဦးဒေဝ တုတ်တချောင်းနှင့် ဝင်ဝှေ့ကာ ထက်ပိုင်အား နေရောင်ထဲ ပြန်ဆွဲသွင်းရတော့သည်။ သို့သော် ထက်ပိုင်လက်မောင်းတွင် မည်းတူးနေသော လက်ငါးချောင်းအရာကြီး. .၊ ခြေထောက်တွင်လည်း ကိုက်ဖဲ့ခံထားရသဖြင့် သွေးသံရဲရဲနှင့်. .

လရိပ်ပြာ အနားရောက်လာကာ ဆေးထည့်ပေးရသည်။ သို့နှင့် ဆက်လျှောက်ခဲ့ရာ ကျောက်ဂူကြီးသို့ သူတို့ရောက်ခဲ့ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . အချိန်သိပ်မရှိတော့ဘူး၊ အလုပ်စရမယ့် နေရာတော့ရောက်ပြီ"

ဦးဒေဝက ထိုသို့ဆို၍ အားလုံးရပ်နားလိုက်ကြသည်။ အသင့်ပါလာသော မြက်ဖျာများကိုထုတ်ခင်းကာ စတင်ပြင်ဆင်တော့သည်။ ကျောက်ဂူကြီး ရှေ့တည့်တည့်မလှမ်းမကမ်းတွင် လူနှစ်ရပ်ခန့်ရှိသော ကျောက်တုန်းရှည်ကြီးတစ်တုံးရှိ၏။

ထိုကျောက်တုံးရှေ့တွင် သူတို့အားလုံး နေရာယူလိုက်ကြသည်။

"နေမွန်းတည့်တာနဲ့ နေရောင်ဟာ ငါတို့အခုထိုင်နေတဲ့ ကျောက်တုံးနောက်က ထိုးလိမ့်မယ်၊ နေကျသွားတာနဲ့ ကျောက်တုံးရဲ့အရိပ်က ရှည်ထွက်လာလိမ့်မယ်၊ နောက်ဆုံး ဂူဝကို ကျောက်တုံးအရိပ်က ဖုံးအုပ်သွားမယ်. . ၊ ဒီတော့မှ ဝိညာဉ်တံခါးဝကို ဖြတ်လို့ရမှာ. . ၊

ပြီးတော့. . ဝိညာဉ်တံခါးဝအပေါ် ကျရောက်နေတဲ့နေရောင်ခြည်က အချိန်ဆယ့်ငါးမိနစ်ပဲကြာမယ်၊ နေရောင်ခြည်ပျောက်သွားတာနဲ့ ဝိညာဉ်တံခါးဝက ပိတ်သွားလိမ့်မယ်"

"ဒါဆို ပြန်ထွက်လို့ မရတော့ဘူးလား အဘ"

"ဟုတ်တယ်. . မောင်ရင်၊ ဒါကြောင့် အချိန်က အရေးကြီးတယ်လို့ပြောတာ၊ မင်းဝင်သွားတဲ့အချိန် အပြင်မှာကျန်ခဲ့တဲ့ လရိပ်ပြာက မျက်လုံးကို ဒေဝစက္ခုဆေးတော်ကြီး ကွင်းပြီး မောင်ရင့်နောက်ကို လိုက်ကြည့်နေမှာ၊ ဒီဆေးကွင်းထားတော့ မောင်ရင်လှုပ်ရှားတာတွေ သူအကုန်မြင်နေရလိမ့်မယ်၊ မင်းအခြေအနေ မကောင်း

www.burmeseclassic.com



ရင် သတိပေးလိမ့်မယ်၊ ဒီတော့ အဘ မင်းကိုလာကူညီလို့ရတာပေါ့"

"အချိန်မကုန်အောင် သတိထားနေရမယ်၊ ဘာလို့လဲဆိုတော့ မောင်ရင်က အာရုံတစ်ခုခုကို နစ်မျောနေလို့ အချိန်တွေကြာသွားရင် လရိပ်ပြာဒုက္ခရောက်သွားနိုင်တယ်၊ လရိပ်ပြာက ဒီဆေးဒဏ်ကို ဆယ့်ငါးမိနစ်ပဲ တောင့်ခံနိုင်မယ်၊ ဆယ့်ငါးမိနစ်ကျော်ရင် သူ့မျက်လုံးကန်းပြီ၊ ဒါကြောင့် မောင်ရင့်အပေါ်မှာပဲ အားလုံးမူတည်နေတယ်"

ထက်ပိုင်မှာ ရင်မောစွာဖြင့် သက်ပြင်းတစ်ချက်ကို လေးလံစွာ ချလိုက်မိသည်။

"သံချောင်းရေ မြက်ဖျာပတ်ပတ်လည်မှာ ဖယောင်းတိုင်တွေထွန်းတော့. ."

ဦးဒေဝက မြက်ဖျာပေါ် အားလုံးစုထိုင်စေပြီး ဤသို့ဆိုလေသည်။

"ဂူထဲဝင်မယ့်သူပဲ ဒုက္ခရောက်မှာမဟုတ်ဘူး၊ အပြင်ကဆရာတို့ကိုလည်း အန္တရာယ်ပေးနိုင်တယ်၊ ဆရာ ဒီဝိညာဉ်တံခါးရှေ့ကို အရင်က တခေါက်ရောက်ဖူးတယ်၊ မင်းလိုပဲ ဒီအဂ္ဂိမုခ နဂါးအမြူတေကြောင့်ပေါ့၊ ငါကတော့. . နဂါးကိုသတ်ခဲ့တဲ့ ဝဋ်ကြွေးကြောင့်လို့ ဆိုရတော့မှာပေါ့"

ပြောရင်း ဦးဒေဝ မျက်ရည်တွေဝဲတက်လာသည်။

"လောင်မီးကျတဲ့အထဲမှာ ငါ့မိန်းမနဲ့ သမီးလေးလည်းသွားခဲ့တယ်၊ ဒါပေမယ့် သူတို့အခုထိ မကျွတ်လွတ်ကြသေးဘူး ဒီဝိညာဉ်တံခါးဝက ဖြတ်လို့မရဘူးဖြစ်နေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ မကျွတ်သေးတာသိတော့ . . အဘ အရမ်းစိတ်မကောင်းဖြစ်မိတယ်၊ ဒီတော့ တနယ်တကျေးက ညီမတစ်ယောက်ကို အကူအညီတောင်းရတယ်၊ ဒီလိုနဲ့ အဘတို့ ဒီကို ပထမဆုံးစရောက်ခဲ့ကြတာပေါ့၊ အဘရဲ့ညီမကို ဒီဝိညာဉ်တံခါးကို ဖြတ်စေခဲ့တယ်၊ သေသွားတဲ့ မိန်းမနဲ့ သမီးလေးဝိညာဉ်ကို ရှာဖို့အတွက်ပါ"

"အဘစိတ်ထဲမှာ သူတို့ဒီဘဝကကျွတ်ဖို့ စိတ်ပြင်းပြနေခဲ့တယ်၊ ဝင်သွားတဲ့ အဘညီမ ထွက်မလာခင်လေးမှာပဲ ဝိညာဉ်တံခါးဝထဲက ခြေထောက်တစ်စုံထွက်လာတာကို အဘမြင်နေရတယ်၊

တစ်ကိုယ်လုံးပေါ်လာတော့ အဘသမီးလေး ဖြစ်နေတယ်၊ သူ့လက်နှစ်ဖက်ကို ကားလိုက်ပြီး . . အဘ ရင်ခွင်ထဲဝင်ဖို့ ပြေးလာနေတယ်၊ အဘစိတ်တွေ ဘယ်လိုမှ ထိန်းမရတော့ဘဲ မလွတ်တမ်းကိုင်ထားရမယ့် ကိုယ်စောင့်ဝိဇ္ဇာဆေးရုပ်တုနှစ်ရုပ်ကို လက်ထဲက လွှတ်ချလိုက်ပြီး သမီးလေးကို ပြေးဖက်မိတယ်၊

အဲဒီမှာ အဘညီမရဲ့ အော်သံနဲ့အတူ ဝိညာဉ်တံခါးလည်းပိတ်သွားတယ်လေ၊ ရင်ခွင်ထဲက သမီးလေးကိုကြည့်တော့ သမီးလေး မဟုတ်တော့ဘူး၊ အသူရကယ်ဘုံသားတစ်ယောက် ဖြစ်နေတယ်၊

ဒါ . . အဘကိုလှည့်စားလိုက်တာ၊ ဒီအတွက် အဘညီမလေးရဲ့အသက်လည်း ဆုံးရှုံးခဲ့ရတယ် . . ၊ ထက်ပိုင် ဝင်သွားပြီးအထဲက ဘယ်သူထွက်လာလာ၊ ထမသွားဖို့ အဘမှာချင်တယ်သရိုင်ပြာ"



www.burmeseclassic.com

www.burmeseclassic.com



လရိပ်ပြာ ခေါင်းညိမ့်ရင်း. .

"စိတ်ချပါ အဘ"

ဦးဒေဝက သူ့အိတ်ထဲမှ အရုပ်နှစ်ရုပ်ကို နှိုက်ထုတ်လိုက်၏။ အရုပ်အရွယ်အစားက လက်တစ်ဆုပ်စာ အရွယ်ရှိ၏။

"ဒါ စောစောက အဘပြောတဲ့ ကိုယ်စောင့်ဝိဇ္ဇာဆေးရုပ် တုနှစ်ရုပ်ပေါ့၊ ဒီအရုပ်တွေက ဝိညာဉ်တံခါး အလွယ်တကူ ပြန်မ ပိတ်သွားအောင် ကာကွယ်ပေးသလို၊ အသူရကယ်ဘုံသားတွေ မ နှောက်ယှက်အောင်လည်း ကာကွယ်ပေးတယ်၊ အထဲဝင်သွားတဲ့ သူကို နေကဲ့သို့ အလင်းရောင်ထိုးပေးပြီး ကာကွယ်ပေးတယ်"

ထိုအရုပ်နှစ်ရုပ်ကို မြက်ဖျာပေါ် တင်လိုက်ပြီး ဗူးလေးတစ် ဗူးကို ထပ်ထုတ်ပြန်သည်။

"ဒါကတော့ ဒေဝစက္ခုဆေးတော်ကြီး၊ လရိပ်ပြာက ဒီဆေး အစွမ်းနဲ့ မောင်ရင့်ကို လှမ်းမြင်နေရလိမ့်မယ်"

ကျောက်ဂူကြီးရှိရာသို့ ကြည့်လိုက်တော့ နေရောင်ခြည်က တစ်ဝက်အထိ ကျရောက်နေပြီဖြစ်၏။ ဦးဒေဝသည် ဝိဇ္ဇာရုပ်တုနှစ် ရုပ်ကို ကိုင်ကာ ဂါထာမန္တန်များ စတင်ရွတ်ဖတ်တော့သည်။ ရုပ်တု အား နှိုးမန္တန်များဖြင့် နှိုးနေသည်ဖြစ်ကြောင်း သူတို့အားလုံးသိနေ၏။

၎င်းအရုပ်နှစ်ရုပ်အကြားတွင် ငွေရောင်ကြိုးမျှင်လေး တစ် ခုဖြင့် ဆက်သွယ်ထားသည်။ ဦးဒေဝသည် ရုပ်တုနှစ်ရုပ်ကို အဘ တစ်ရုပ်၊ ညာတစ်ရုပ်ကိုင်၍ သက်တော်မြဲဂါထာကို ရွတ်ဖတ်ေန သည်။

မည်သည့်အကြောင်းနှင့်မျှ ရုပ်တုနှစ်ရုပ်မှာ အောက်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



မကျရ။ ထို့အတူ ဆက်သွယ်ထားသော ငွေကြိုးမျှင်ကိုလည်း မပြတ်တောက်စေရန် အထူးဂရုစိုက်ရမည်ဖြစ်သည်။ ရုပ်နှင့်နာမ်ကို တွဲစပ်ထားသော ငွေကြိုးမျှင်သည် ထက်ပိုင်၏အသက်လည်း ဖြစ်ပေသည်။

ထိုသို့သော အရေးကြီးတာဝန်များကို ထမ်းဆောင်နေကြရမည်ဖြစ်သည်။ အားလုံးမှာ အချိန်ကို အသက်တမျှ တန်ဖိုးထားနေရသည်ဖြစ်၍ စားပွဲတင်နာရီလေးတစ်လုံးကိုလည်း အနီးတွင် အဆင်သင့်ချထား၏။

နေအလင်းရောင်သည် ဂူဝကြီးတစ်ခုလုံးအား အုပ်မိသွားပြီဖြစ်သည်။

ဦးဒေဝက လရိပ်ပြာအား ဂူပေါက်ဝဆီ မျက်နှာမူ၍ထိုင်စေသည်။ ဦးဒေဝ ဆေးခွက်ကို အဖုံးဖွင့်လိုက်အပြီး. .

"သမီး ဘာမှမကြောက်နဲ့နော်၊ မျက်လုံး မှိတ်ထားလိုက်တော့. . ၊ ဒီဒေဝစက္ခုဆေးကြီး လိမ်းပြီးတာနဲ့ အပြင်မှာဘာပဲဖြစ်နေနေ မျက်လုံးဖွင့်မကြည့်ပါနဲ့. . ၊ စောစောက အဘပြောခဲ့သလို အာရုံထဲ ဘာပဲမြင်မြင် မျက်လုံးဖွင့်မကြည့်ရဘူး၊ မြင်နေတာတွေ အားလုံး အမှန်တွေမဟုတ်ဘူး၊ သမီးကို သူတို့လှည့်စားလိမ့်မယ်၊ အကယ်၍သမီးမျက်လုံးဖွင့်ကြည့်လိုက်တာနဲ့ ဒီဝိဉာဉ်တံခါးကြီး ပြန်ပိတ်သွားလိမ့်မယ်"

လရိပ်ပြာ မျက်လုံးပိတ်ထားသည့်ကြားမှ ဇောချွေးများ ရွှဲလာလေပြီ။ ဦးဒေဝသည် ဆေးခွက်ထဲမှ ပျစ်ချွဲချွဲမည်းမည်းဆေးရည်များကို ကလော်ယူကာ လရိပ်ပြာ မျက်လုံးနှစ်ဖက်တွင် ကွင်းပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။

"သမီး လက်ဝါးနှစ်ဖက်ဖြန့်ပေး. ."

ဖြန့်ပေးလိုက်သော လရိပ်ပြာ လက်ဝါးပေါ်သို့ ဝိဇ္ဇာဆေးရုပ်တုနှစ်ရုပ်ကို တစ်ဖက်တစ်ချက်တွင် ထည့်ပေးလိုက်သည်။

"ကဲ. . မောင်ရင် ဝင်လို့ရပြီ၊ မောင်ရင် အထဲရောက်သွားရင် တွင်းကြီးတစ်တွင်းကို ရှာရလိမ့်မယ်၊ အဲဒါ နဂါးခံတွင်းပဲ၊ အဲဒီတွင်းထဲကို မောင်ရင်ဝတ်ထားတဲ့လက်စွပ်ကို ပစ်ချပစ်ရလိမ့်မယ်"

"အဘ. . ချွတ်လို့မရရင်ကော"

"အထဲရောက်ရင် ရသွားပါလိမ့်မယ်"

ထက်ပိုင်သည် ဦးဒေဝအား လက်အုပ်ချီ၍ ရှိခိုးကန်တော့လိုက်၏။ ထို့နောက် သွက်လက်စွာဖြင့် ကျောက်ဂူကြီးရှိရာသို့ ရှေ့ရှုပြေးသွားကာ ဝိညာဉ်တံခါးဝဟုခေါ်သော အပေါက်ကြီးထဲသို့ တိုးဝင်လိုက်တော့သည်။ တဖက်သို့ ခြေချမိသည်နှင့် မြေပြင်ပူနေသည်ကို သတိပြုလိုက်မိသည်။

မြေပြင်ပက်ကြားအက်များမှ အခိုးငွေ့ပူများ တလူလူထွက်နေလေသည်။ နေရာအနှံ့မှ အခိုးတွေထွက်နေ၍ မြေအက်ကြောင်းများအတွင်းမှ မီးတောက်မီးညွန့်များ ထိုးထွက်နေသည်ကို တွေ့နေရ၏။

"ဂူး. . ဂရား. . အူး"

ထိုစဉ် ဗလုံးဗထွေး မာန်ဖီသံများ ကြားလိုက်ရပြီး နေ့ကိုရိုးကားယား ပုံစံများဖြင့် ထွက်လာကြသော အသူရကယ်ဘုံသားများကို စတွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့၏ ချွန်ထက်သော သွားစွယ်များကမူ ဖြူဖွေးနေ၏။ လက်သည်းခြေသည်းများကလည်း သိမ်းစွန်ရဲငှက်များကဲ့သို့ ချွန်ထက်ကောက်ကွေးနေကြသည်။

"ဝူ. . ဂရိ. . အူး"

အသူရကယ်သားများ၏ အရေအတွက်မှာ မနည်းလှပါ။ သူ့ဆီ ဦးတည်လာနေကြသည်။ ထက်ပိုင်သည် ငှင်းတို့ကို ရှောင်ကွင်းနိုင်ရန် လမ်းကြောင်းရှာသော်လည်းမတွေ့။ လေးဖက်လေးတန်မှ ဝိုင်းအုံလာခြင်းဖြစ်၍ မလွဲဧကန်ပင် ထိပ်တိုက်ရင်ဆိုင်ရပေလိမ့်မည်။ သို့သော် အလင်းတန်းတစ်ခုက သူ့ကိုယ်ပေါ် သို့ ကျရောက်လာ၏။

"မောင်ထက်ပိုင် အလင်းရောင်ထဲမှာပဲနေ. . ."

ဦးဒေဝ၏ အသံကိုကြားလိုက်ရသည်။ ထက်ပိုင်အားတက်သွားကာ ရှေ့သို့တစ်လှမ်းခြင်းလှမ်းသည်။ သူ့အပေါ် ခုန်အုပ်လာသော မိစ္ဆာကောင်မှာ အလင်းတန်းထဲဝင်လာသည်နှင့် မီးထတောက်သွားတော့သည်။

မိစ္ဆာကောင်များ သူ့အနား မကပ်ရဲကြတော့. . ။ ဆက်လျှောက်လာရာ ရှေ့တွင်မြူခိုးဖြူများကြားထဲ လှုပ်ရှားနေသော အရာတစ်ခုကို တွေ့လေသည်။

သေချာကြည့်မှ သူ ကားအက်ဆီးဒန့် ဖြစ်ခဲ့သောနေရာ ဖြစ်နေသည်။ ကားထဲမှ သူ့မိန်းမနှင့် သမီးလေးကို ဆွဲထုတ်နေသော သူ့ကိုယ်သူ အတိုင်းသားပြန်မြင်နေရသည်။ ထက်ပိုင် ထိုနေရာနား ဆက်လျှောက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက အသက်မရှိတော့ပြီဖြစ်သော မိန်းမနှင့်ကလေးကို ဖက်ကာငိုနေ၏။

"မောင်ထက်ပိုင် မင်း သူ့ကိုယ်နဲ့ သွားပူးကပ်လိုက်. ."

ဦးဒေဝ၏ အမိန့်ပေးသံအဆုံးတွင်. . ထက်ပိုင် ထိုလူ၏ကိုယ်ထဲ သွားပူးကပ်လိုက်တော့သည်။ နှစ်ယောက်စလုံး တစ်သားတည်း ဖြစ်သွားချိန်တွင်. . ထက်ပိုင်လက်မောင်းမှ လက်ငါးချောင်းရာ အညိုအမည်းကြီးလည်း ပျောက်သွားလေသည်။

ထိုအချိန်တွင် သူ့လက်ထဲမှ ဇနီးနှင့်သမီးလေးမှာ လှုပ်လာလေသည်။

သူ့ကို မြင်သည်နှင့်. .

"မောင်. ."

"ဖေကြီး. ."

ရုတ်တရက်ကြားလိုက်ရသော ခေါ်သံကြောင့် ပို၍တင်းကျပ်စွာ ထက်ပိုင် ဖက်ထားလိုက်မိသည်။

"ဘာမှအားမငယ်နဲ့ ဖေကြီးရောက်လာပြီ"

"ဖေကြီး. . သမီးတို့နဲ့ အတူပြန်လာနေတာလားဟင်"

မျော်လင့်ချက်မဲ့နေသော အရာတစ်ခု ထက်ပိုင်ပြန်ရလိုက်သလို ခံစားလိုက်ရသည်။ ထို့ကြောင့်. .

"ဟုတ်တယ်. . ဖေကြီး သမီးတို့နဲ့အတူ ပြန်လာနေတာ"

"တစ်ခုခုတော့ မှားနေပြီ အဘ"

လရိပ်ပြာ သတိပေးလိုက်သဖြင့် ဦးဒေဝက. .

"ဟုတ်တယ် အဘလည်း ထက်ပိုင်နဲ့ အဆက်အသွယ် ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ”

ထိုစဉ် ဂူပေါက်ဝမှ တစ်စုံတစ်ခု လိမ့်ထွက်လာ၏။ ဒါကို လရိပ်ပြာ အာရုံထဲ မြင်နေရခြင်းဖြစ်သည်။

“ဟင်. . ကိုထက်”

“မျက်လုံးဖွင့်မကြည့်နဲ့. . ”

သူ့ပုခုံးအား ဦးဒေဝ လှမ်းကိုင်ကာ သတိပေးလိုက်၏။

တစ်ကိုယ်လုံး ဒဏ်ရာများဖြင့် ကိုထက်မှာ သူမရှိရာသို့ လျှောက်လာလေသည်။

“ညီမလေး. . နင် ငါ့ကိုမကယ်ဘူးလား”

“သတိထား. . ဒါတွေက အစစ်အမှန်မဟုတ်ဘူး”

ဦးဒေဝအသံကလည်း မကြားတချက်ကြားတချက် ဖြစ်လာသည်။ လရိပ်ပြာ ဘေးအရောက် သူမအပေါ်သို့ လောက်ကောင်များ အန်ချလေ၏။ မသတိစရာမို့ လရိပ်ပြာ အခက်တွေ့နေသည်။

“သမီးအစ်ကိုရဲ့အသက်က သမီးလက်ထဲမှာပဲ ရှိတယ်နော်”

မြင်နေရသော အရာမှန်သမျှကို ကြိတ်မှိတ်သည်းခံလိုက်ရသည်။ မအောင်မြင်သော မိစ္ဆာကောင်လည်း ဂူထဲပြန်ဝင်သွားတော့၏။

“အဘ အထဲလိုက်သွားမယ်. . အချိန်မရှိတော့ဘူး မောင်ထက်ပိုင်ကို အမြန်ပြန်ခေါ်မှ ဖြစ်တော့မယ်”

သို့နှင့် ဦးဒေဝသည် ဝိညာဉ်တံခါးကိုဖြတ်ကာ အထဲသို့ ဝင်လေသည်။

“မောင် ပြန်ပါတော့”



www.burmeseclassic.com

www.burmeseclassic.com


"ဘာဖြစ်လို့လဲ . . သက်ရဲ့၊ သက်တို့နဲ့ အတူတူနေတော့မယ်လေ"

"သက်တို့က ဘဝခြားသွားပြီမောင်၊ ဝိညာဉ်တံခါး မပိတ်ခင် မောင်ပြန်ပါတော့"

"ဟုတ်တယ် ဖေကြီး၊ မေမေကြီးကို သမီးစောင့်ရှောက်ထားမယ်၊ ဖေဖေကြီး ဘာမှစိတ်မပူနဲ့"

ဒီအသံတွေကြားတော့ ထက်ပိုင် ငိုရလေပြီ။

"မောင်ရင်"

ပုခုံးကိုလာထိသော အထိအတွေ့ကြောင့် ထက်ပိုင်မော့ကြည့်မိသည်။

"ဟင် . . အဘ"

"အေး . . သွားဖို့အချိန်တန်ပြီ"

ဒီတော့ . . သူပွေ့ထားသော ဇနီးနှင့်သမီးကို ပြန်ကြည့်မိသည်။

"ဟင် . ."

သူ့ဘေးတွင် ဘယ်သူမှမရှိတော့ . .

"နဂါးခံတွင်းကို ရှာရအုံးမယ် မောင်ရင်၊ ဒါမှ သူတို့အားလုံး ကျွတ်တမ်းဝင်ကြမှာ"

"ကိုထက် ပြန်လာတော့၊ ကိုထက်မှာ လေးမိနစ်ပဲအချိန်ရတော့တယ်"

"ဟင်"

လရိပ်ပြာ၏ သတိပေးသံကြောင့် သူထိတ်ခနဲဖြစ်သွားရ


www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆက်ရှာကြည့်ရာ. . ကြီးမားသော တွင်းကြီးတစ်တွင်းကို တွေ့လေသည်။ ထက်ပိုင် ချက်ချင်းပင် လက်စွပ်ကိုချွတ်၍ ပစ်ချလိုက်သည်။ 'ရှီး'ခနဲ လေချွန်သံကဲ့သို့ အသံကြီးတစ်ခုကို ကြားလိုက်ရ၏။ တဆက်တည်းမှာပင် စိမ်း၊ နီ၊ ဝါ၊ ပြာ ရောင်စဉ် အလင်းတန်းများက တွင်းကြီးထဲမှ ပေါ်ထွက်လာသည်ကို တွေ့လိုက်ရ၏။ ဆက်လက် ကြည့်ရှုလိုသော်လည်း အချိန်မရတော့၍ ဂူပေါက်ဝဘက် ပြန်ထွက်လာခဲ့ကြသည်။

"ဟာ. . ဘာ. . ဘာဖြစ်တာလဲ"

ထိုခဏမှာပင် လရိပ်ပြာ၏ မျက်စိနှစ်လုံးသည် ပူသထက်ပူလာခဲ့သည်။ မျက်လုံးထဲမှာ မီးများထတောက်လေသလားဟု ထင်မှားရလောက်အောင် မျက်လုံးနှစ်လုံးက ပူလောင်လာ၏။ အခိုးငွေ့ဖြူဖြူများမှာလည်း လရိပ်ပြာ၏ မျက်စိနှစ်လုံးမှ ထိုးထွက်လာခဲ့သည်။

"ဟာ. . ဒု. . ဒုက္ခပဲ"

အပူချိန်သည် ပြင်းသထက်ပြင်းလာခဲ့၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တောင့်ခံထားရ၍ တဆတ်ဆတ် တုန်ခါနေတော့၏။ ပူရှိန်မှုမက ခါးနှင့်ထိုးဆွသလို စူးရှနာကျင်သော ဝေဒနာတစ်ရပ်ကိုပါ မျက်လုံးထဲမှာ ခံစားနေရသည်။ မျက်စိအိမ်မှ ယိုစီးကျလာသော သွေးများ၏ အထိတွေကိုလည်း သူသိနေမိသည်။

"ရှဲ. . ရှဲ. . ရှဲ. . "

"အား. . အီး. . "



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်ထွက်လာကြပါတော့"

မျက်လုံးနှစ်လုံးမှ တရှဲရှဲမည်သံများနှင့်အတူ လောင်ကျွမ်းသလို ခံစားလိုက်ရသည်။ လရိပ်ပြာသည် သေမတတ် ဒုက္ခဝေဒနာကို ခံစားနေရပြီ။ အံကိုတင်းတင်းကြိတ်လျက် ကြိတ်မှိတ်ခံနေသော်ငြား လက်ထဲက ရုပ်တုနှစ်ရုပ်ကို လက်ကမလွှတ်ဘဲ တင်းတင်းဆုပ်ကိုင်ထားဆဲဖြစ်၏။

"ဒီဗွစ်ကျွဲဆေးက ဆယ့်ငါးမိနစ်ပဲ အသုံးပြုခွင့်ရှိတယ်၊ ကျော်သွားရင် မျက်စိနှစ်လုံးစလုံး ကန်းသွားလိမ့်မယ်"

ဟူသော ဦးဒေဝ၏သတိပေးစကားသံကို လရိပ်ပြာ ပြန်ကြားယောင်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

"**မောင်**ထက်ပိုင် မင်းသွားတော့ ငါ့ကိုထားခဲ့တော့. ."

"ဟာ. . ဘာဖြစ်လို့လဲ၊ အဘ ဘာလို့နေခဲ့ရမှာလဲ. .၊ ကျွန်တော်တို့ လွတ်တော့မယ်လေ၊ တံခါးဝကို မြင်နေရပြီပဲ"

ထက်ပိုင်က အံ့သြရှုပ်ထွေးစွာဖြင့် ဆွဲခေါ်တော့ ဦးဒေဝတ ပြုံးရင်း တစ်လုံးချင်းပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝင္ကြေးကို ခန္ဓာကိုယ်နဲ့ ဆပ်ရမယ်မောင်ထက်ပိုင် အဘ နောက်ကိုကြည့်လိုက်ပါအုံး. . ."

"ဗျာ. . ဘယ်လို. ."

ဦးဒေဝ နောက်သို့ကြည့်လိုက်ရာ ထက်ပိုင်မှာ ပါးစပ်အ ဟောင်းသား ဖြစ်သွားလေသည်။

"ဟင်. . အဘ. . အဘ. . ပြေးပြေး. . နောက်မှာ"

မြင်လိုက်ရသည့် မြင်ကွင်းက မယုံကြည်နိုင်စရာဖြစ်၏။

မြင်လိုက်ရသည်က အစိမ်းရောင် အကြေးခွံအထပ်ထပ် ဖြင့် ဖုံးအုပ်ထားသော ဧရာမနဂါးကြီးတစ်ကောင်ဖြစ်နေသည်။

ဦးဒေဝက အရာရာကို ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပုံရ၏။ တစ်စုံတစ်ရာကို ကြောက်လန့်ဟန် လုံးဝမရှိဘဲ တည်ငြိမ်စွာဖြင့် လှမ်းပြောသည်။

BURMESE CLASSIC

"သံသရာတစ်ပတ်လည်တဲ့ သဘောပါ၊ သူ့ကို ကိုယ်က သတ်ခဲ့သလို နောက်ဆုံးတော့ ကိုယ့်ကိုလည်း သူက ပြန်သတ်တာ ပါပဲ၊ ပြုသူအသစ် ဖြစ်သူအဟောင်းပါ၊ အဘ့ဝင္ကြေးကို ဒီဘဝမှာပဲ ကျေအောင်ဆပ်လိုက်ပါတော့မယ်၊ သံသရာအထိ မသယ်သွားတော့ ပါဘူး မောင်ထက်ပိုင်ရယ်"

ဦးဒေဝ စကားအဆုံးမှာတော့ နဂါးကြီးက ကိုက်ချီကာ တွင်းဆီဆွဲခေါ်သွားလေသည်။ ထိုစဉ်. .

"ကိုထက်. . ."

တိုးညင်းသော ခေါ်သံလေးတစ်ခုကို ကြားလိုက်သည်။

မိမိအပေါ် ကြီးစွာသောချစ်ခြင်းဖြင့်ချစ်၍ အရာရာ

www.burmeseclassic.com

www.burmeseclassic.com



ကူညီခဲ့သော လရိပ်၏ ခေါ်သံဖြစ်၏။

"လရိပ်. . လရိပ် ညီမလေး. . ."

ချက်ချင်းသတိဝင်လာကာ ထပြေးရပြန်သည်။ ဝိညာဉ်တံခါးဝမှ ထိုးထွက်၍ အပြေးသွားရောက်ခဲ့သော်လည်း အရာရာသည် နောက်ကျသွားခဲ့ပါပြီ။

ချစ်သောညီမလေး လရိပ်ပြာသည် မြက်ဖျာပေါ် ခွေခွေလေး လဲကျနေ၏။ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေသော မောင်သံချောင်းက. .

"အစ်ကိုကြီး. . မြန်မြန်လာ. . မြန်မြန်လာ၊ ဒီမှာ မမလေး မျက်လုံးတွေပေါက်ထွက်သွားပြီ"

"ဟင်. . . ဘယ်လိုဘယ်လို. ."

ဟုတ်ပါသည်။ လရိပ်ပြာ၏ မျက်လုံးနှစ်ဘက်စလုံး စုံလုံးကန်းသွားခဲ့ချေပြီ။ မျက်လုံးအိမ်မှ သွေးများက ယခုတိုင် စီးကျနေဆဲဖြစ်သည်။

"ညီမလေး. . . လရိပ်. . . လရိပ်. . ."

"ကို. . ကိုထက်. ."

"ဖြစ်မှဖြစ်ရလေ ညီမလေးရယ်. . ."

"ညီမလေး တာဝန်ကျေပါတယ်နော်. . ."

"ဟာ. . လရိပ်ရယ် ကျေပါတယ်ကွယ်. . ကျေပါတယ်. . ဘကယ်မကျေတာက ကိုကြီးပါ၊ အစ်ကိုကြောင့်. . အစ်ကိုကြောင့် ညီမလေး အခုလိုဖြစ်ရတာပါ"

"မဟုတ်. . မဟုတ်ပါဘူး၊ ကိုထက်ကြောင့် မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံးဟာ ကံကြမ္မာကြောင့်. . ဝဋ်ကြွေးကြောင့်ပါ။ ညီမတို့အားလုံးဟာ ဝဋ်ကြွေးရဲ့ သားကောင်ပါ ကိုထက်ရယ်”

“ညီမလေးရယ်. .”

ထက်ပိုင်မှာ ဝမ်းနည်းသောကများစွာဖြင့် လရိပ်ပြာ၏ ခန္ဓာကိုယ်အား ပွေ့ဖက်၍ တသိမ့်သိမ့် ရှိုက်ငိုနေမိတော့သည်။

သူ့အနောက်တွင်မူ ဝိညာဉ်တံခါးပေါ် ကျရောက်နေသော နေရောင်ခြည်သည်လည်း အလုံးစုံ ကွယ်ပျောက်သွားခဲ့ချေပြီ။ အားလုံးအတွက် သူအကောင်းဆုံး လုပ်ပေးနိုင်ခဲ့သော်လည်း သူ့ညီမအတွက် သူတာဝန်မကျေခဲ့. .။

ထက်ပိုင်ကတော့ အာပါးတရ ဟစ်အော်ငိုကြွေးနေဆဲ. .။

ယခုအချိန်မှာတော့ ထက်ပိုင်အတွက် မျက်ရည်များသည်သာ အကောင်းဆုံးအဖော်မွန်အဖြစ် ကျန်ရှိနေပါတော့သတည်း။

BURMESE CLASSIC

ဓားဝတာ



www.burmeseclassic.com